ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခု ဇွန် ၁ ရက် တွင် စတင်တည်ထောင်သည်

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ သောကြာနေ့ (31-1-2014) (၇၇၄၂)

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၁၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၅ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၅ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ငွေကြေးဖောင်းပွပြီး ငွေတန်ဖိုးလျော့နည်းခြင်းသည် နိုင်ငံတော်ငွေကြေးသုံးစွဲမှုမူဝါဒကို ထိခိုက်စေ

နေပြည်တော် ဇန်နဝါရီ ၃၀

ဌာနဆိုင်ရာများမှ မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များပြ၍ ငွေကြေးတောင်းခံခဲ့ကြသော်လည်း ဌာနအချို့သည် လုပ်ငန်းပြီးမြောက်မှုကို မတင်ပြပါကြောင်း၊ နိုင်ငံတော်မှချပေးသည့် ငွေများဆုံးရှုံးမှုမရှိစေရန် ယိုဖိတ်ပျောက်ဆုံးခဲ့သော စီးပွားရေးအကျင့်ပျက်မှုများကို ဆန်းစစ်ဝေဖန်၍ ထိန်းသိမ်းစိစစ်သင့်ပါကြောင်း၊ ဌာနများသည် လိုအပ်သည်ထက် ပိုမိုပြန့်ကျဲနေပါကြောင်း၊ ငွေကြေးကိုကျစ်လျစ်စွာသုံးစွဲနိုင်ရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်စေရန်အတွက် ဝန်ကြီးဌာနများကိုစုစည်း၍ ကျစ်လျစ်သိပ်သည်းစွာ ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းမူဝါဒတွင် ငွေကြေးကိစ္စသည် ကမ္ဘာ့နိုင်ငံ၊ ကမ္ဘာ့ဘဏ်များနှင့် ဆက်သွယ်လုပ်ကိုင်နေရခြင်းကြောင့် ငွေကြေးခိုင်မာရန်လိုအပ်ပါကြောင်း၊ ငွေကြေးဖောင်းပွပြီး ငွေတန်ဖိုးလျော့နည်းခြင်းသည် နိုင်ငံတော်ငွေကြေးသုံးစွဲမှုမူဝါဒကို ထိခိုက်စေပါကြောင်းဖြင့် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်က ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သတ္တမနေ့တွင် **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘော**နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ပခုက္ကူမှ လက်မှုအနုပညာလုပ်ငန်းများ ကမ္ဘာလှည့်ခရီးသည်များ နေ့စဉ်လာရောက်လေ့လာ

ပခုက္ကူ ဇန်နဝါရီ ၃၀

ဧရာဝတီမြစ်အနောက်ဘက်ကမ်း ပခုက္ကူဒေသသည် ယနေ့တိုင်လက်မှုပညာရပ်များ ထွန်းကားလုပ်ကိုင်နေဆဲဖြစ်သည်။ ဧရာဝတီတံတား(ပခုက္ကူ)ကြောင့် ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ပုဂံညောင်ဦးဒေသမှတစ်ဆင့် ပခုက္ကူမြို့ဆီသို့ ကမ္ဘာလှည့်ခရီးသွားများ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိကြောင်း ဒေသခံများကပြောသည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် ခရီးသွားရာသီကာလအတွင်း ကမ္ဘာလှည့်ခရီးသွား ၁ ဒသမ ၆ သန်း ဝင်ရောက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် သုံးသန်း
၂၀၁၅ ခုနှစ်တွင် ငါးသန်း
မျှော်မှန်းထား

၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၁ ဒသမ ၈ သန်းဝင်ရောက်ခဲ့ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်အတွင်း သုံးသန်းမှ ၂၀၁၅ ခုနှစ်အတွင်း ငါးသန်းအထိမျှော်မှန်းထားကြောင်း ပုဂံမြို့ဟောင်းရှိ ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းထံမှ လေ့လာသိရှိရသည်။ ကမ္ဘာလှည့်ခရီးသွားများက လက်မှုအနုပညာများ၊ ရှေးဟောင်းဗိသုကာလက်ရာများကို စိတ်ဝင်စားသည်နှင့်အညီ ပခုက္ကူဒေသသည် ယနေ့တိုင်တည်ရှိနေသေးသော ရက်ကန်းလုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ ဆေးလိပ်လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ အိုးလုပ်ငန်း၊ လှည်းယဉ်နှင့် လှည်းဘီးလုပ်ငန်းများ စသည့် လက်မှုပညာလုပ်ငန်းများစွာရှိသည့်အပြင် ပုဂံနှင့် ရေကြောမြေကြောနီးကပ်၍ ရှေးဟောင်းယဉ်ကျေးမှုများစွာရှိနေသောကြောင့် ပခုက္ကူဒေသသည် နေ့စဉ်လိုလို ကမ္ဘာလှည့်ခရီးသည်ဦးရေများပြားစွာလာရောက်လေ့လာနေကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

TATA ခရီးသည်တင်ယာဉ်များလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ TA TA Motors Limited မှ ထုတ်လုပ်သော ခရီးသည်တင်ဘတ်စ်ကားသုံးစီးကို TA TA Motors Limited နှင့် Apex Greatest Industrial Co.,Ltd. မှလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ Apex Greatest Industrial Co.,Ltd. မှ ဥက္ကဋ္ဌ ဦးကြည်သိန်းက ခရီးသည်တင်ဘတ်စ်ကား သုံးစီးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် TA TA Motors Limited မှ Country Manager Mr.Sanjay Sharma က TA TA Motors Limited မှ ထုတ်လုပ်သောထုတ်ကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံနှင့်နိုင်ငံတကာသို့ မော်တော်ယာဉ်များ ဖြန့်ဖြူးရောင်းချနေမှုများနှင့် လှူဒါန်းသည့်ခရီးသည်တင်ဘတ်စ်ကားသုံးစီး၏ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya၊ Apex Greatest Industrial Co., Ltd. ဥက္ကဋ္ဌ ဦးကြည်သိန်းနှင့်တာဝန်ရှိသူများက ခရီးသည်တင်ဘတ်စ်ကားသုံးစီး၏ စာရွက်စာတမ်းများပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❑

မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တောင်တွင်းကြီး၌ တည်ဆောက်နေ

တောင်တွင်းကြီး ဇန်နဝါရီ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အနီးပတ်ဝန်းကျင်မြို့နယ်များမှ ဒေသခံပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် ရည်ရွယ်ချက်များနှင့်အညီ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသစ်(တောင်တွင်းကြီး)အား အသစ်တည်ဆောက်လျက်ရှိရာ ဆောက်လုပ်ရေးလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောက်လုပ်လျက်ရှိသည့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ စက်အမျိုးအစားမှာ အီတလီနိုင်ငံလုပ် 3KW လွှင့်စက်ဖြစ်ပြီး Digital စနစ်ဖြင့်ဖြစ်စေ၊ Analog စနစ်ဖြင့်ဖြစ်စေ ထုတ်လွှင့်ပြသနိုင်သော လွှင့်စက်ဖြစ်ကြောင်းနှင့် ယခုစက်ရုံသစ်ကြီးပြီးစီးသွားပါက တောင်တွင်းကြီးမြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များမှ ကျေးလက်ဒေသများပါ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အစီအစဉ်များကို ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးမျိုးချစ်ထွန်းက ပြောပြသည်။

ယခုလို ထပ်ဆင့်လွှင့်စက်ရုံသစ်ကြီး ဆောက်လုပ်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ မကြာမီ အချိန်တွင် ပြီးစီးတော့မည်ဖြစ်ပြီး ထုတ်လွှင့်ပြသနိုင်တော့မည်ဖြစ်ကြောင်း ကြားသိရသဖြင့် တောင်တွင်းကြီးမြို့နယ်၊ မကွေးမြို့နယ်၊

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ကြေးမုံစာတည်းရှုထောင့် **၃၁-၁-၂၀၁၄၊ သောကြာနေ့**

ထုတ်ကုန်မြင့်မှ ဖွံ့ဖြိုးမည်

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍတို့ကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ လွတ်လပ်မှုများရှိလာသောကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ယခင်နှင့်မတူ သိသိသာသာ တိုးတက်လာသည်ကိုတွေ့ရပါသည်။

စီးပွားရေးကဏ္ဍ၌ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းခြင်းထက် နိုင်ငံခြားငွေတိုးတက်ရှာဖွေပေးနိုင်သည့် ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြီးစွာအထောက်အကူပြုနိုင်ပေရာ ထိုအခြေအနေကို နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်စာရင်းဇယားများက သက်သေပြလျက်ရှိပါသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၉ ဒသမ ၈၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၇၅ သန်းဖြစ်၍ စုစုပေါင်းပို့ကုန် အမေရိကန်ဒေါ်လာ တန်ဖိုးမှာ ၁၇၅၇ ဒသမ ၅၈ သန်းဖြစ်ကြောင်းသိရသည်။

ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၁ ဒသမ ၀၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၆၀ ဒသမ ၀၀ သန်းဖြစ်ပြီး စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၅၁ ဒသမ ၀၅ သန်းဖြစ်သည်။ ယမန်နှစ် ဒီဇင်ဘာလအတွက် ကုန်သွယ်မှု ပိုငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၅၃ သန်း ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးမြင့်မားတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။

ယခင်က မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေမှာ ပို့ကုန်ထက်သွင်းကုန်တန်ဖိုးမြင့်မားနေသဖြင့် နိုင်ငံခြားငွေအထွက်ပြနေပေသည်။ ယခုအခါ ပို့ကုန်တန်ဖိုးမြင့်မားလာပြီး နိုင်ငံခြားဝင်ငွေတိုးလာပေရာ ခေဉစွာ ပိုမိုများပြားတိုးပွားအောင် ဆက်လက်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ပို့ကုန်တန်ဖိုးသည် အဓိကကျသဖြင့် ပို့ကုန်အများဆုံးတင်ပို့နိုင်သည့် ထုတ်ကုန်များကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သဖြင့် လယ်ယာထုတ်ကုန်များ နိုင်ငံတကာစံချိန်စံညွှန်းမီပြီး အရည်အသွေးမြင့်မားတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံဂျီဒီပီ၏ ၄၃ ရာခိုင်နှုန်းရှိ၍ အများဆုံးဖြစ်သည်။ ထို့ကြောင့် လယ်ယာထုတ်ကုန်ကို အကြောင်းပြု၍ အလုပ်အကိုင်၏ ၅၄ ရာခိုင်နှုန်းသော လုပ်နိုင်ခွင့်များသည် လယ်ယာကဏ္ဍတွင်ရှိနေသည်။ တစ်နည်းအားဖြင့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို အသက်မွေးဝမ်းကျောင်းဖြည့်ဆည်းပေးနေသဖြင့် အရေးပါဆုံးကဏ္ဍဖြစ်နေသည်။

မြန်မာနိုင်ငံတွင်လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုတစ်ရပ်မှာ မြန်မာနိုင်ငံရေမြေသဘာဝအရ အလျှံပယ်ပေါများကြွယ်ဝလှသော မြေယာနှင့် ရေရရှိနိုင်မှုရှိသော်လည်း ယင်းတို့ကို ထိထိရောက်ရောက် အသုံးချနိုင်မှုနည်းပါးနေသေးခြင်းပင်ဖြစ်သည်။ ထုတ်ကုန်ထုတ်လုပ်နိုင်သော်လည်း အရည်အသွေးမီအောင် မထုတ်လုပ်နိုင်ခြင်းဖြစ်သည်။

ယနေ့အချိန်အခါတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီအထောက်အပံ့များကို ထိရောက်အကျိုးရှိစွာ အသုံးပြုဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် သဘောတူညီချက်ရယူဆောင်ရွက်နေပြီဖြစ်သည်။ ထိုအခွင့်အလမ်းကောင်းကိုရယူပြီး မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ပြုပြင်ပြောင်းလဲပြင်ဆင်ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

လက်ရှိတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းသည် နိုင်ငံအတွင်း သန်းနှင့်ချီရှိနေသော တောင်သူလယ်သမားကြီးများအတွက် ကြီးမားသော အထောက်အကူပြုသည့် တွန်းအားတစ်ရပ်ဖြစ်သည်။ ထို့အပြင် အရည်အသွေးမြင့်သော ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုလည်း တိုးတက်ဖော်ဆောင်ဦးမည်ဖြစ်သည်။ သိပ္ပံနည်းကျပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ထို့ကြောင့် လာမည့်အနာဂတ်ကာလတွင် မိတ်ဖက်များ၏ အကူအညီဖြင့် မြန်မာ့သယံဇာတများကို ထိထိရောက်ရောက်အသုံးချကာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး လယ်ယာထွက်ကုန်မြင့်မားတိုးတက်အောင် ကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

နွားထိုးကြီးမြို့နယ် မြို့သာဓာတ်အားခွဲရုံနှင့် ထန်းခွကျေးရွာ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြို့သာဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ယာယီမဏ္ဍပ်၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က နိုင်ငံတော်မှ ရရှိသည့် ဓာတ်အားပမာဏအပေါ်မူတည်၍ မြို့နယ်၊ ကျေးရွာအသီးသီးသို့ခွဲဝေဖြန့်ဖြူးပေးမှု၊ ကျေးရွာနေပြည်သူများအနေဖြင့် လျှပ်စစ်မီးကိုအကျိုးရှိရှိ အသုံးချနိုင်ရေးနှင့် ချွေတာသုံးစွဲရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးက ဓာတ်အားခွဲရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်းအတွက် နိုင်ငံတော်မှ ငွေကျပ်သန်း ၈၃၀ အကုန်ကျခံတည်ဆောက်ခဲ့ပြီး မြို့သာဓာတ်အားခွဲရုံတွင် ၂၂၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးနှင့် ၁၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံးတို့မှ ငါန်းဇွန်မြို့နယ်ပတ်ဝန်းကျင်ရှိကျေးရွာကိုးရွာနှင့် နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာ ၂၂ ရွာသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထန်းခွကျေးရွာကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဖွင့်ပွဲ အခမ်းအနားအထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးက စက်ခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အား စတင်လွှတ်ပေးသည်။

ထန်းခွကျေးရွာ ကိုယ်ထူကိုယ်ထလျှပ်စစ်ဓာတ်အားလိုင်းကို ပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၁၆၀၀ ဖြင့်ဆောင်ရွက်ခဲ့ပြီး နွားထိုးကြီး-မြို့သာ ၃၃ ကေဗွီဓာတ်အားလိုင်းမှ ကိုယ်ထူကိုယ်ထ သွယ်တန်းမည့် ကျေးရွာ ၃၁ ရွာအနက် ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် အမျိုးသားအမျိုးသမီး (Gender) နှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on Elimination of All Forms of Discrimination Against Women) နှင့် စပ်လျဉ်း၍ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများကို ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အရာထမ်း၊ အမှုထမ်း ၅၀ တို့တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲများတွင် အမျိုးသားအမျိုးသမီးတန်းတူညီမျှ ရရှိရေး Gender အခြေခံသဘောတရားပါ အချက်အလက်များ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ပါအကြောင်းအရာများနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ အရာထမ်းများက ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	ဇန်နဝါရီ ၃၀
ရန်ကုန် ရွှေဈေး	၆၆၃၀၀၀ - ၆၆၄၀၀၀
မန္တလေး ရွှေဈေး	၆၆၂၆၀၀ - ၆၆၃၆၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၈. ၁
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၃. ၀၀
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၉၄
(င)	ထိုင်း	တစ်ဘတ်	= ၂၉. ၉၂၇
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၄. ၉၈
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၉၈
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၆၅. ၄၇
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၂၄၇
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၆၃. ၀၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်သူတို့၏ လက်တွေ့ဘဝများအကြား ကွင်းဆင်းပြီး ပြည်သူတို့၏သဘောထားဆန္ဒများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၃၀

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင့်ဆင့်သော တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲကိစ္စရပ်များသာမက ထပ်မံဖြည့်စွက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ပင်မလုပ်ငန်းတာဝန်များရှိသော်လည်း လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံအဆင့်စီမံကိန်းဖြစ်သည်နှင့်အညီ တာဝန်ရှိသူများအားလုံးက တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုရသင့်ရရှိရမည့် အခွင့်အရေးများ ပွင့်လင်းမြင်သာစွာ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းဖြင့် ယနေ့ညနေ ၃ နာရီတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။**(အပေါ်ယာပုံ)**

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရန်၊ မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟခြင်း မရှိစေရန် ဝိုင်းဝန်းပူးပေါင်းစည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူတို့အကြောင်းအမျိုးမျိုးဖြင့် တင်ပြလာသည့် သဘောထားဆန္ဒများကို ဝတ်ကျေတမ်းကျေမဟုတ်ဘဲ တာဝန်ရှိသူများက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ လက်တွေ့ကျကျပြသ၊ ပြောဆိုစည်းရုံးသွားရမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏ လက်တွေ့ဘဝများအကြား လက်တွေ့ကွင်းဆင်းပြီး ပြည်သူတို့၏သဘောထားဆန္ဒများ၊ လိုအပ်ချက်များကို စိတ်ကောင်းစေတနာကောင်းများဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းဒေသအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ဆောင်ရွက်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ဒေသခံများသိရှိအောင် ရှင်းလင်းပြသရန်လိုအပ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့လေးဖွဲ့အနေဖြင့် စီမံကိန်းပတ်ဝန်းကျင်ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးတက်အောင် အားလုံးက တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဒေသအတွင်း ဆောင်ရွက်ထားရှိသည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် စီမံကိန်းအောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက စီမံကိန်းဒေသလုပ်ငန်းဆောင်ရွက်ချက်များနှင့် ဒေသခံပြည်သူများအလုပ်အကိုင်ရရှိရေး ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လက်တွေ့လုပ်ငန်းခွင်များ၌ အခက်အခဲများ ကြုံတွေ့ရနိုင်သော်လည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြည်တွင်း ပြည်ပပညာရှင် အဖွဲ့အစည်းအသီးသီးတို့သည် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စနစ်တကျဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ယခင်အတွေ့အကြုံများအား သင်ခန်းစာရယူ၍ တိုင်းပြည်အကျိုး၊ ဒေသအကျိုး၊ ပြည်သူတို့၏အကျိုးကို ရှေးရှု၍ စိတ်ရှည်သည်းခံပြီး နားလည်မှုရရှိလာစေရန် စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့၌ ကုန်သွယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းတွင် ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကုန်သွယ်မှုမူဝါဒနှင့်အညီ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးနှင့် ကုန်သွယ်မှုသာမက ကုန်သွယ်မှုအခွင့်အလမ်းများပါ တိုးတက်လာစေရေး၊ ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေချောမွေ့စေရေး၊ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်ပယ်တွင် မိမိတို့နိုင်ငံမှ စားသုံးသူများအား အကာအကွယ်ရရှိစေရေး၊ ပြည်တွင်းမှ တင်ပို့သော ကုန်ပစ္စည်းများအား ကမ္ဘာ့ဈေးကွက်တွင် စံချိန်စံညွှန်းနှင့်အညီ ဈေးကောင်းများ ရရှိစေရေးစသည့် အချက်များအပေါ် အခြေခံဆောင်ရွက်လျက်ရှိသောကြောင့် ဝဉ စိုက်ပျိုးရန်အတွက် နည်းပညာများ ရရှိအောင် ပညာရှင်များအား ခေါ်ယူတွေ့ဆုံပေးမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုအသိပညာပေးသင်တန်းများကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကုန်သည်များ၏ အခက်အခဲများကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီးဦးအေးခိုင် ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၃၀

ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအေးခိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ဇန်နဝါရီ ၂၇ ရက်တွင် ကူဝိတ်မြို့၌ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ်ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ Licence Acceptance Letter ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ တင်ဒါရွေးချယ်စိစစ်ရေးကော်မတီမှ ရွေးချယ်ခဲ့သည့် အော်ပရေတာနှစ်ဦးဖြစ်သော Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့က ၎င်းတို့၏ Licence Acceptance Letter များအား ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသို့ ဇန်နဝါရီ ၃၀ ရက်တွင် ပေးအပ်ခဲ့သည်။

Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့အား ယခုပေးအပ်သည့် လိုင်စင်မှာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် သက်တမ်းစတင်မည်ဖြစ်ပြီး ကနဦးလိုင်စင်သက်တမ်းအား ၁၅ နှစ် သတ်မှတ်ထားသည်။ Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့အနေဖြင့် လိုင်စင်များရရှိပြီးပါက နိုင်ငံတကာအဆင့်မီ မိုဘိုင်းဝန်ဆောင်မှုများကို ပေးအပ်သွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုမှတစ်ဆင့် အရည်အသွေးပိုမိုကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုများသာမက ဝန်ဆောင်မှုသစ်များနှင့် နည်းပညာသစ်များကို သုံးစွဲနိုင်မည်ဖြစ်၍ ပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်တွေ့မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

ပဲခူး ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားချက်နှင့်အညီ ပဲခူးခရိုင် မီးသတ်ဦးစီးဌာနသည် ပဲခူးမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဈေး၊ စက်သုံးဆီဆိုင်နှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာနအား ထပ်ဆင့်ညွှန်ကြားချက်အရ ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေးစီမံချက်ရေးဆွဲပြီး အစီအမံများချမှတ်ကာ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး၍ အကြံပြုခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၇ ရက်တွင် ပဲခူးမြို့နယ်ရှိ (SUNSTAR) အထည်ချုပ်စက်ရုံ၏ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေး၍ လိုအပ်သည်များ အကြံပြုကာ စက်ရုံဝန်ထမ်းများကို မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပြီးနောက် စက်ရုံဝန်ထမ်းများနှင့်အတူ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(မင်းစစ်သူ)

မော်တင်စွန်းဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲရှိ တန်ခိုးကြီးသမိုင်းဝင် ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ထီးတော်အသစ်တင်လှူပူဇော်ပွဲနှင့် အတူ ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်မှ မတ်လ ၁၅ ရက် (တပေါင်းလဆန်း ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့) အထိ ၁၅ ရက်တိုင်တိုင် စည်းကားသိုက်မြိုက်စွာ ကျင်းပပါမည်။

မြတ်တော်တင် ဘုရားပွဲတော်နှင့် ပတ်သက်သည့် ဈေးဆိုင်ခန်းများနှင့် အရပ်ရပ်လုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့ နံနက် ၉ နာရီတွင် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဘုရားပွဲတော်ကျင်းပရေးကော်မတီ။

သေဒဏ် စီရင်ချက်ချမှတ်ခံရသူ နီဇာမီအား တွေ့ရစဉ်။

လက်နက်မှောင်ခိုတင်သွင်းခဲ့သူ ၁၄ဦးကို ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ် သေဒဏ်ချမှတ်

စစ်တကောင်း ဇန်နဝါရီ ၃၀

လွန်ခဲ့သည့် ၁၀ နှစ်ကျော်က ကျူးလွန်ခဲ့သော လက်နက်ပစ္စည်းအများအပြား မှောင်ခိုတင်သွင်းမှုဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အကြီးမားဆုံး အစ္စလာမ္မစ်ပါတီတစ်ခု၏ခေါင်းဆောင်အပါအဝင် လူ ၁၄ဦးကို ဇန်နဝါရီ ၃၀ရက်တွင် တရားရုံးချုပ်က သေဒဏ်ချမှတ်လိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆိပ်ကမ်းတစ်ခုတွင် ကုန်တင်ကား ၁၀စီးစာ မှောင်ခိုတင်သွင်းလာသော လက်နက်များကို ရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့ပြီး ပြစ်မှုကျူးလွန်ခဲ့သည့် အသက် ၇၀အရွယ် ဂျမတ်အီး အစ္စလာမ္မစ်ပါတီခေါင်းဆောင် မိုတီရာရာမန်နီဇာမီအား သေဒဏ်စီရင်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တရားရုံးချုပ်အနေဖြင့် မိုတီရာရာမန်နီဇာမီအပါအဝင် လူ ၁၄ဦးအား လက်နက်မှောင်ခိုမှု ကျူးလွန်ခဲ့သော စွဲချက်များဖြင့် သေဒဏ်ချမှတ်ခြင်းဖြစ်ကြောင်း အစိုးရရှေ့နေ ကာမဲလ်ဘူဒင်အာမက်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

မစ္စတာနီဇာမီသည် ယင်းပြစ်မှုကို ကျူးလွန်ခဲ့ချိန်က အစိုးရအဖွဲ့တွင် စက်မှုဝန်ကြီးတာဝန်ထမ်းဆောင်နေပြီး ယင်းလက်နက်များ တင်သွင်းနိုင်ရေးအတွက်အကူအညီများပေးခဲ့သည်ဟုဆိုသည်။ မှောင်ခိုတင်သွင်းခဲ့သော လက်နက်များမှာ ခေတ်မီဆန်းပြားသော လက်နက်များဖြစ်ပြီး လက်ပစ်ဗုံး ၂၇၀၂၀ နှင့် ဒုံးကျည်အလက် ၈၄၀တို့ပါဝင်ကာ ယင်းလက်နက်များကို ၂၀၀၄ခုနှစ် ဧပြီလအတွင်း ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့သည်ဟုဆိုသည်။

ပီတီအိုင်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ပုံးခွဲတိုက်ခိုက် လူလေးဦးသေဆုံး

ဂျာလာလာဘတ် ဇန်နဝါရီ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂဟာပြည်နယ်တွင် ဇန်နဝါရီ ၃၀ ရက်က သီးခြားနှစ်နေရာ၌ အသေခံပုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် တိုက်ခိုက်ရေးသမားနှစ်ဦး သေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။

နန်ဂဟာပြည်နယ် မြို့တော်ဂျာလာလာဘတ်မြို့ ပါလ်အီး-ဘတ်ချ်ဆော့ဒ် ဒေသတွင် ဒေသစံတော်ချိန် နံနက် ၉နာရီ ၁၆မိနစ်က ဖောက်ခွဲရေးပစ္စည်းများ ထည့်ထားသော ဂျာကင်အင်္ကျီဝတ်ဆင်ထားသူက အသေခံပုံးဖောက်ခွဲလိုက်ရာ ၎င်းပုံးခွဲသမား သေဆုံးသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် အောက်လွှတ်တော်ပါလီမန်အဖွဲ့ဝင် တစ်ဦးအား ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်သည်။ ထိုနေ့ နံနက်စောစောပိုင်းတွင် ဂျာလာလာဘတ်မြို့တောင်ဘက်ရှိ ပါချီယာဝါအဂမ်ခရိုင်ရှိ ရဲစခန်းဝင်ပေါက်တွင် အသေခံပုံးဖြင့်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ပုံးခွဲသူသေဆုံးကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ဆင်ဟွာ။

အီရတ် လုံခြုံရေးအဖွဲ့ ဓားစာခံများကို ကယ်တင်နိုင်

ဘဂ္ဂဒက် ဇန်နဝါရီ ၃၀

အီရတ်နိုင်ငံတွင် လူ့အခွင့်အရေးဝန်ကြီးဌာနနှင့် ကပ်လျက်ရှိသည့် အဆောက်အအုံအတွင်း၌ သေနတ်သမားများက ဓားစာခံများအဖြစ် ဖမ်းဆီးထားခြင်းခံရသူ အားလုံးကို လုံခြုံရေးတပ်ဖွဲ့က ကယ်ထုတ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါအဆောက်အအုံကို ဝင်ရောက်စီးနင်းရာတွင် သေနတ်သမားရှစ်ဦးအနက် သုံးဦးသေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဘီဘီစီသို့ ပြောကြားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပတ်ဝန်းကျင်နယ်မြေအားလုံးကို လျင်မြန်စွာ ပိတ်ဆို့ထားလိုက်သည့်အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ အဆောက်အအုံများကိုလည်း လုံခြုံရေးတင်းကျပ်လိုက်ကြသည်။

ယင်းသို့ ဓားစာခံများ ဖမ်းဆီးခြင်းကို မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့ လုပ်ဆောင်ချက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခြင်းမပြုပေ။ သို့သော်အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် ဆွန်နီစစ်သွေးကြွများက အလားတူ တိုက်ခိုက်မှုများကို လုပ်ဆောင်လေ့ရှိကြသည်ဟု ဆိုသည်။

ဘီဘီစီ။

အက်ဖ်-၃၅ဂျက်တိုက်လေယာဉ်များ ယခုနှစ်အတွင်း တောင်ကိုရီးယား ဝယ်ယူဖွယ်

ဆိုးလ် ဇန်နဝါရီ ၃၀

အမေရိကန်ပြည်ထောင်စုရှိ လော့ခ်ဟိမာတင် လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကထုတ်လုပ်သည့် အက်ဖ်-၃၅အမျိုးအစား ဂျက်တိုက်လေယာဉ် အစင်း ၄၀ ဝယ်ယူရေးအတွက် အပြီးသတ်ဆုံးဖြတ်ချက်ကို ယခုနှစ်အတွင်း ချမှတ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက် စစ်လက်နက်ဝယ်ယူရေးအေဂျင်စီက ပြောကြားသည်။

အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

၂၀၁၄ခုနှစ် တတိယ သုံးလပတ်ကာလတွင် တိုက်လေယာဉ်ဝယ်ယူရေးစာချုပ်ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းမည်ဖြစ်ကြောင်း၊ လေယာဉ်များကို စမ်းသပ်စစ်ဆေးခြင်းနှင့် အပြီးသတ်ညှိနှိုင်းမှုများပြုပြီးနောက် ယင်းစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန စစ်လက်နက်ဝယ်ယူရေးဌာန ညွှန်ကြားရေးမှူး ယွန်ကွမ်ဆွန်းက ယမန်နေ့အနှောင်းပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြောက်ကိုရီးယားက နျူကလီးယား ခြိမ်းခြောက်မှုများကြောင့် တောင်ကိုရီးယားလေတပ်က ဘိုးရင်း အက်ဖ်-၄နှင့် အက်ဖ်-၅ လေယာဉ်အုပ်စုများအား အဆင့်မြှင့်တင်လျက်ရှိသည်။

ပီတီအိုင်။

နန်ကျင်းမြို့တော်ဝန်ဟောင်းအား လာဘ်စားမှုဖြင့် တရုတ်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်

ပေကျင်း ဇန်နဝါရီ ၃၀

တရုတ်နိုင်ငံ နန်ကျင်းမြို့တော်ဝန်ဟောင်း**(အပေါ်ပုံ)**ကို လာဘ်စားသည့်အမှု ကျူးလွန်သဖြင့်ကွန်မြူနစ်ပါတီမှ ထုတ်ပယ်လိုက်ကြောင်းကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

စုံစမ်းစစ်ဆေးရာတွင် ကျီကျန်းရီနှင့် ၎င်း၏မိသားစုသည် ငွေကြေးနှင့်တံစိုးလက်ဆောင်များကို လက်ခံရယူပြီး ထိုပေးသူများ၏ အကျိုးစီးပွားအတွက် ၎င်း၏ရာထူးဌာနန္တရကို အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်ဟု ပါတီ၏ကြေညာချက်တွင်ဖော်ပြသည်။ယခုအခါတွင် အဆိုပါ အမှုကို ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်၍ ရာဇဝတ်မှုကျူးလွန်ခဲ့သည်ဟု စွပ်စွဲချက်များနှင့် မစ္စတာကျီမှာ ရင်ဆိုင်ရနိုင်သည်။

၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ခေါင်းဆောင်ပိုင်း အပြောင်းအလဲဖြစ်ခဲ့ပြီးနောက် အဂတိလိုက်စားမှုပပျောက်ရေးလှုပ်ရှားမှုအတွင်း ဖမ်းဆီးခြင်းခံရသည့် ထိပ်တန်းခေါင်းဆောင်များတွင် ၎င်းလည်း အပါအဝင်ဖြစ်သည်။

အရေးပါသော စည်းကမ်းများကို ချိုးဖောက်သည်ဟု သံသယရှိသည့်အတွက် မစ္စတာကျီကို ၂၀၁၂ခုနှစ် အောက်တိုဘာလတွင် ရာထူးမှ ဖယ်ရှားခဲ့သည်။

ဘီဘီစီ။

အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ မောင်းသူမဲ့ရေငုပ်သင်္ဘောဆုံးရှုံးခဲ့ဟု ဂျပန်ဝန်ခံ

တိုကျို ဇန်နဝါရီ ၃၀

ယမန်နှစ်အတွင်းက ပင်လယ်ရေအောက် စူးစမ်းလေ့လာမှု ပြုလုပ်ရာတွင် အသုံးပြုသည့် အမေရိကန်ဒေါ်လာ ငါးသန်းခန့်တန်ဖိုးရှိ မောင်းသူမဲ့ရေငုပ်သင်္ဘောတစ်စင်း ပျောက်ဆုံးခဲ့ရကြောင်း၊ ပျောက်ဆုံးသွားသော ယင်းရေယာဉ်ကို ကိုးရက်ကြာ ရှာဖွေခဲ့သော်လည်းမတွေ့ခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၃၀ရက်တွင် သတင်းထုတ်ပြန်သည်။ ဂျပန်၏ အဓိကကျွန်းဖြစ်သည့် ဟွန်ရှူးကျွန်းနှင့် နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်းအကြားရှိ ဆုဂါရုရေလက်ကြားတွင် မောင်းသူမဲ့အဝေးထိန်းရေငုပ်ယာဉ် ပျောက်ဆုံးခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။

ပီတီအိုင်။

တရုတ်နိုင်ငံတွင် ယာဉ်မီးလောင် ငါးဦးသေဆုံး

ဟိုင်ကု ဇန်နဝါရီ ၃၀

တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တွင် ကားတစ်စီးနှင့် ရေနံတင်ကားတစ်စီး တိုက်မိကြရာမှ ကားမီးလောင်သဖြင့် လူငါးဦးသေဆုံးကြောင်း ဇန်နဝါရီ ၃၀ရက်သတင်းတွင် ဖော်ပြသည်။

ဟိုင်နန်ပြည်နယ် ဒင်ဂျန်စီရင်စုရှိ အဝေးပြေးလမ်းမကြီးတွင် ဇန်နဝါရီ ၃၀ရက် နံနက်အစောပိုင်းက အဆိုပါကားချင်းတိုက်မိမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဓာတ်ဆီတန်ချိန် ၂၀တင်ဆောင်လာသော ရေနံတင်ကားနှင့် မတော်တဆတိုက်မိပြီးနောက် မီးလောင်မှုဖြစ်ပွားကြောင်း တရုတ်နိုင်ငံ ကုန်းလမ်းပို့ဆောင်ရေးဌာနက ပြောကြားသည်။

မီးလောင်ခံရသဖြင့် ကားအတွင်းမှ လူကြီးလေးဦးနှင့် ကလေးငယ်တစ်ဦး သေဆုံးခဲ့ရသည်။ မီးသတ်ကား ၁၉စီးနှင့် မီးသတ်သမား ၁၃၆ဦး ချက်ချင်းရောက်ရှိလာပြီး အရေးပေါ်မီးငြိမ်းသတ်သဖြင့် နံနက် ၅နာရီ ၅မိနစ်တွင် မီးငြိမ်းသွားသည်။ မတော်တဆဖြစ်ပွားရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ။

မြန်မာ-လာအို နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအကောင်အထည်ဖော်ရေး အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေး စတုတ္ထအကြိမ်ဝန်ကြီးအဆင့်အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးချုပ်စိုးမြိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အမြဲတမ်းအတွင်းဝန် Pol.Brig.Gen. Phoumy Vandixay ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး မြန်မာ-လာအို နှစ်နိုင်ငံ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကျင်းပရန် ပြင်ဆင်မှုများအတွက် နှစ်နိုင်ငံဆွေးနွေးခဲ့ကြသည်။

မြန်မာ-လာအို နှစ်နိုင်ငံဝန်ကြီးအဆင့် စတုတ္ထအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာသောင်ဘန်ဆင်အာဖုန်း (Dr.Thong-banh Seng A Phone) ဦးဆောင်သော လာအိုကိုယ်စားလှယ်အဖွဲ့တို့က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နှစ်နိုင်ငံပြည်သူများ လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှု၊ နည်းပညာဆိုင်ရာ အပြန်အလှန်လေ့လာရေး လုပ်ငန်းစဉ်များ၊ ပြည်ပလုပ်သားများအား ထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာများဆွေးနွေးခဲ့ကြပြီး အစည်းအဝေးမှတ်တမ်းအား နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြကြောင်းသတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးမှူးရုံးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Renata Lok Dessallien သည် ယနေ့ ညနေ ၅ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

၂၀၁၄ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲများကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ယာဉ်ထိန်းရဲတပ်ဖွဲ့အသင်းအား ရေကြောင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်းကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းအား အမှတ် (၂) ရဲတပ်ရင်းများကွက်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် အမျိုးသား အမျိုးသမီး (၂)ရပ်ပေါင်းတံခွန်စိုက် ဒိုင်းဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အသင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တန်းမြို့နယ်၌ မြကိုင်းကျေးလက်တံတားဆောက်

ကျောက်တန်း ဇန်နဝါရီ ၃၀

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ မြကိုင်းကျေးလက် တံတားဟောင်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်၍ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို စုပြည့်ရတနာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည်။ **(ယာပုံ)** ယင်းတံတားတည်ဆောက်ရန်အတွက် နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းပေါင်း ၇၃၇ ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

တံတားအရှည်ပေ ၁၇၀၊ အကျယ် ၁၄ ပေနှင့် အမြင့်ပေ ၂၀ ခန့် ဘိုးပိုင်သံရက်မ၊ သစ်သားကြမ်းခင်း ဖြစ်ကြောင်း၊ တံတားတည်ဆောက်ချိန်ကာလကို သုံးလသတ်မှတ်ပြီး မတ် ၃၁ ရက် နောက်ဆုံးထား၍ အပြီးတည်ဆောက်သွားရန် လျာထားကြောင်းနှင့် ယခုကဲ့သို့ တံတားတည်ဆောက်ပေးမှုကြောင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

ဒဂုံမြို့သစ်(တောင်ပိုင်း)၌ မီးငြိမ်းသတ်မှုသရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၂) ရပ်ကွက်ရှိ ပင်မသစ်ဆိပ်တွင် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးအရာရှိ ဦးကိုကိုကြီး ဦးစီး၍ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယဦးစီးမှူး ဦးအောင်သူထွန်း၊ ဒုတိယဦးစီးမှူး ဦးထိန်းလင်း၊ ဒုတိယတပ်ကြပ် ဦးဝေဇင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှု ပို့ချခဲ့ကြောင်း သိရသည်။ **(၅၄၈)**

အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် သမဝါယမတက္ကသိုလ်(သန်လျင်) ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲက သမဝါယမတက္ကသိုလ် (သန်လျင်) ဥတ္တရဆောင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သာလှရွှေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းက သမဝါယမတက္ကသိုလ် (သန်လျင်)သို့ သင်ထောက်ကူပစ္စည်း CPR အရုပ်နှင့် ဆေးအိတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသူများဖြစ်ကြသော အထူးဆုဒေါ်မျိုးမြတ်သူဇာ၊ ပထမဆု မသက်အိအိဖြိုး၊ ဒုတိယဆု မအေးအေးမိုး၊ တတိယဆု မနှင်းဝေနှင့် နှစ်သိမ့်ဆု မလင်းနန္ဒာထွန်းတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။ သမဝါယမတက္ကသိုလ် (သန်လျင်)မှ ရာသက်ပန်ကြက်ခြေနီအသင်းဝင် အဆိုပြုလွှာ ၁၅၄ စောင်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ပေးအပ်သည်။ **တင်မောင်ငွေ(သန်လျင်)**

စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဗဟန်းမြို့နယ်ရုံး၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲက စာအုပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းတို့က အမှာစကားပြောကြားခဲ့သည်။ ယင်းပြိုင်ပွဲသို့ ဗဟန်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၃၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား SSC ဆေးရုံ၊ Baby Mild, Nutroplex, Vita Kid၊ ကျောင်းသားမိဘများ၊ အနောက်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်မော်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာတို့က ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(သန္တာမေ)**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ဤကမ္ဘာမြေကြီးကို လက်ရှိ သက်ရှိထင်ရှားရှိကုန်ကြသော လူပုဂ္ဂိုလ်တို့သာ ပိုင်ဆိုင်သည်မဟုတ်၊ အနာဂတ်မျိုးနွယ်တို့လည်း ပိုင်ဆိုင်ကြသည်။ လက်ရှိ လူသားတို့မတိုင်မီခေတ် ဘိုးဘွားများက သဘာဝပတ်ဝန်းကျင်နှင့် ရေ၊ မြေ၊ လေ၊ သစ်တော အစရှိသော သယံဇာတများ ထိန်းသိမ်းကာကွယ်ခဲ့၍သာ ယနေ့အထိ သယံဇာတပစ္စည်းများနှင့် ကောင်းမွန်သောပတ်ဝန်းကျင်တို့ ကျန်ရစ်လျက်ရှိပါသည်။ လက်ရှိ လူသားများက ထိုကောင်းမွန်သောသဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများကိုအသုံးပြုလျက် မိမိတို့အသက်ရှင်နေထိုင်တိုးတက်ရေး ဆောင်ရွက်နိုင်ကြခြင်းဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးပြုပြင်ပြောင်းလဲမှု

ဒေါက်တာစန်းဝင်း
(ဒုတိယပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်)

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂကြီးမှူး၍ လုပ်ကိုင်သော ဤကမ္ဘာမြေရေရှည်တည်တံ့ရာ တည်တံ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်းလုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ကိုင်နေရပါသည်။ မိမိတို့နိုင်ငံ၏ ကောင်းရာကောင်းကျိုး၊ ကမ္ဘာမြေကောင်းရာကောင်းကျိုးကို ဆောင်ကြဉ်းသောအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များ [ဥပမာ-ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (Convention on Biological Diversity-CBD)၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်သဘောတူစာချုပ် (United Nations Framework Convention on Climate Change-UNFCCC] တို့ကိုလည်း ပါဝင်လက်မှတ်ရေးထိုးပြီး စာချုပ်ပါအချက်အလက်များအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

၁၉၇၀ ခုနှစ်အစောပိုင်းက အပြည်ပြည်ဆိုင်ရာနိုင်ငံရေးကွန်ဖရင့် (The First Major Political Conference) ကိုကျင်းပခဲ့ပြီး ယင်းအစည်းအဝေးပွဲတွင် Environment ဟူသောစကားလုံး စတင်ပါဝင်ခဲ့ပါသည်။ ယင်းအစည်းအဝေးမှာ UN Conference on the Human and Environment (UNCHE) ဖြစ်ပြီး ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ၁၉၇၂ ခုနှစ် ဇွန်လအတွင်းကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးမှ စတော့ဟုမ်းကြေညာချက် (The Stockholm Deceleration)၊ စတော့ဟုမ်းဆောင်ရွက်မှုအစီအစဉ် (The Stockholm Action Plan)နှင့် အချက်ငါးချက်ပါ ဆုံးဖြတ်ချက်တို့ ချမှတ်ခဲ့ပါသည်။

အပိုဒ်(၈)တွင်ပါရှိသော ဆုံးဖြတ်ချက် (၅)ခုမှာ-

(၁) နျူကလီးယားလက်နက်စမ်းသပ်မှု ပိတ်ပင်ရန်
(၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာဌာန တည်ထောင်ရန်
(၃) ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆက်နွယ်မှုကိစ္စရပ်များ ဖြေရှင်းရန်
(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ရန်နှင့်
(၅) ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်(UNEP) ထူထောင်ဖွဲ့စည်းရန်တို့ ပါဝင်ခဲ့ပါသည်။

UNEP ကို ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာချုပ်များပြုလုပ်ခြင်း အထောက်အကူပြုဌာနအဖြစ် သတ်မှတ်ခဲ့ပါသည်။

၁၉၈၃ ခုနှစ်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရေရှည်ဆောင်ရွက်သွားနိုင်ရန်အတွက်ရည်ရွယ်ပြီး လွတ်လပ်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်ကို World Commission on Environment and Development (WCED)ဟု ခေါ်ပါသည်။ အဆိုပါကော်မရှင်ကို Bruntland ကော်မရှင်ဟုလည်း ခေါ်ပါသေးသည်။ အကြောင်းမှာ ထိုစဉ်က ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော နော်ဝေနိုင်ငံသား Gro Harlen Bruntland ၏အမည်ကို အစွဲပြု၍ခေါ်ခဲ့ခြင်းဖြစ်သည်။ ကော်မရှင်သည် ၁၉၈၇ ခုနှစ်က Our Common Future အမည်ရှိစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။

ယင်းစာအုပ်တွင် ကမ္ဘာမြေကြီး၏သယံဇာတထုတ်လုပ်နိုင်မှုစွမ်းရည်နှင့် စွန့်ပစ်ပစ္စည်းစုပ်ယူလက်ခံထားရှိနိုင်မှုမှာ အကန့်အသတ်ရှိကြောင်းကို အသိအမှတ်ပြုလျက်ရေးဆွဲထားသော **"ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ"** ကို နိုင်ငံတိုင်းကရေးဆွဲရန် ဆောင်ရွက်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့ပါသည်။

ယင်းကော်မရှင်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ရေးရာကိစ္စတို့ဆက်စပ်မှုရှိပုံကို အလေးပေးဖော်ပြကာ ဆင်းရဲမွဲတေမှုပပျောက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ပြီး ယင်းပပျောက်ရေးဆောင်ရွက်ချက်သည် ပတ်ဝန်းကျင်မထိခိုက်ဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအချက်ဖြစ်ကြောင်း ဖော်ထုတ်ခဲ့ပါသည်။

၁၉၉၂ ခုနှစ်တွင် UN Conference on Environment and Development (UNCED)ကို ဘရာဇီးနိုင်ငံ Rio de Janeiro တွင်ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးကို ကမ္ဘာမြေထိပ်သီးညီလာခံ (Earth Summit) ဟုလည်းခေါ်ပါသေးသည်။ အဆိုပါကွန်ဖရင့်မှအဓိကရလဒ်သည် Rio ကြေညာစာတမ်းဖြစ်ပါသည်။ အစည်းအဝေးသို့နိုင်ငံပေါင်း ၁၇၈ နိုင်ငံမှ နိုင်ငံအကြီးအကဲများအပါအဝင် လူ ၁၇၀၀၀ ကျော်တက်ရောက်ခဲ့သည်ဟုသိရပါသည်။ Rio ကြေညာချက်မှာ Rio Deceleration on Environment and Development, Agenda 21 ဖြစ်ပြီး ယင်းအစည်းအဝေးတွင် CBD (Convention on Biological Diversity)၊ UNFCC(United Nations Framework Convention on Climate Change) အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များလက်မှတ်ရေးထိုးကြရန် အစပျိုးခဲ့သည်။ ယင်းအပြင် Rio ကြေညာခြင်းနှင့်အတူ The Statements of Forest Principles လည်းထုတ်ပြန်ခဲ့သေးသည်။

UNCED ၏ Agenda 21 ပါလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ECOSOC (UN Economic and Social Council) အား အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ Commission on Sustainable Development (CSD)ကိုလည်းဖွဲ့စည်းခဲ့ပါသည်။ ယင်းမှာ ဒေသအဆင့်၊ နိုင်ငံအဆင့်၊ အပြည်ပြည်ဆိုင်ရာအဆင့်တို့၌ Agenda 21 ပါလုပ်ငန်းများဆောင်ရွက်မှု၊ တိုးတက်မှုစစ်ဆေးရန်၊ ပေါင်းစည်းပေးရန်အတွက်နှင့် အားပေးရန်အတွက် ဖွဲ့စည်းခြင်းဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်က New York တွင်ဇွန်လအတွင်းက ကျင်းပခဲ့သော The 19 th Special Session of the UN General Assembly (UNGA) က Agenda 21 ကိုဆက်လက်အကောင်အထည်ဖော်ရန်လုပ်ငန်းအစီအစဉ် ချမှတ်ခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ်မှာ UNCED ကျင်းပပြီးကတည်းက ဆောင်ရွက်နေသောလုပ်ငန်းများတိုးတက်မှုတို့ အကဲဖြတ်ရန်တို့ပါဝင်ပါသည်။

၂၀၀၂ ခုနှစ် ဩဂုတ်လအတွင်း တောင်အာဖရိကနိုင်ငံ Johannesburg မြို့တွင် World Summit on Sustainable Development (WSSD) ကို ကျင်းပခဲ့ပါသည်။ WSSD ၏ရည်မှန်းချက်မှာ ကမ္ဘာ့နိုင်ငံများက UNCED ကျင်းပခဲ့စဉ်က ချမှတ်ခဲ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် ကတိကဝတ်များ ထပ်မံရှင်သန်စေရန်အတွက် ၁၀ နှစ်တာကာလ (၁၉၉၂-၂၀၀၂) အတွင်း ဆောင်ရွက်ခဲ့မှုများအပေါ် ပြန်လည်သုံးသပ်ရန်ဖြစ်ပါသည်။ အစည်းအဝေးသို့ နိုင်ငံ ၁၉၁ နိုင်ငံမှ လူပေါင်း ၂၁၀၀၀ ကျော် တက်ရောက်ခဲ့ပါသည်။

ယင်းထိပ်သီးအစည်းအဝေးမှ စာတမ်း ၂ ခုချမှတ်ခဲ့ပါသည်။ ယင်းတို့မှာ The Johannesburg Plan of Implementation(JPOI) နှင့် The Johannesburg Declaration on Sustainable Development တို့ဖြစ်ပါသည်။

JPOI မှာ UNCED ကပြုခဲ့သော ကတိကဝတ်များအကောင်အထည်ဖော်ရေးအတွက် မူဘောင်ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။ Johannesburg Declaration မှာ UNCED က (၁၉၉၃-၂၀၀၂) ကာလအတွင်း ဆောင်ရွက်ခဲ့မှုကိုဖော်ပြပြီး ထိုကာလအတွင်း Sustainable Development ရရှိရေးကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများကို အလေးပေးဖော်ပြပြီး လက်တွေ့အကောင်အထည်ဖော်ကြရန်လည်း အရေးကြီးကြောင်း အလေးပေးဖော်ပြထားပါသည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက် ၆၄/၂၃၆ ဖြင့် UNCSD ၂၀၁၂ ခုနှစ်ကို ဘရာဇီးနိုင်ငံတွင် ကျင်းပရန်ဆုံးဖြတ်ခဲ့သည်။ Rio+20 ဟုလည်း ခေါ်ခဲ့သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးရာလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် Mr.Sha Zukang အား UNCSD ကျင်းပရေးအထွေထွေအတွင်းရေးမှူးအဖြစ်ခန့်အပ်ခဲ့သည်။ Mr.Sha Zukang ကလည်း ပြင်သစ်နိုင်ငံမှ Brice Lalonde နှင့် Barhados နိုင်ငံမှ Elizabeth Thomson တို့အား အမှုဆောင်ညှိနှိုင်းရေးမှူးအဖြစ် ခန့်အပ်ခဲ့ပါသည်။

အဆိုပါ အမှုဆောင်ညှိနှိုင်းရေးမှူး နှစ်ဦးက ၂၀၁၂ ခုနှစ် ဇွန်လတွင် The Future We Want ခေါင်းစဉ်ဖြင့် ကျင်းပမည့် UNCSD တွင် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များက ကြေညာချက်ထုတ်ပြန်ရေးအတွက် ကြေညာချက်မူကြမ်းကို ရေးသားပြုစုခဲ့ကြပြီး ယင်းကြေညာချက်အပေါ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး Rio+20 ထိပ်သီးအစည်းအဝေးတွင် တင်ပြအတည်ပြုကာ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်းကို Rio+20 Declaration ဟုခေါ်တွင်ပါသည်။ Rio+20 Declaration တွင် အပိုင်း ငါးပိုင်းပါရှိပါသည်။ ယင်းတို့မှာ-

(၁) ကျွန်ုပ်တို့ဘုံမျှော်မှန်းချက် (Our Common Vision)
(၂) ယခင်နိုင်ငံရေး ကတိကဝတ်များ ထပ်မံအတည်ပြုပြောဆိုခြင်း (Renewing Political Commitment)
(၃) ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် အစိမ်းရောင် စီးပွားရေးကဏ္ဍ (Green economy in the context of sustainable development and poverty eradication)
(၄) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ (Institutional framework for sustainable development) နှင့်
(၅) ဆက်လက်လုပ်ဆောင်မည့် လုပ်ဆောင်ချက်များအတွက်မူဘောင် (framework for action and follow-up) တို့ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပါသည်။ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကာ မျှော်မှန်းချက် (Vision)၊ တာဝန် (Mission)၊ မူဝါဒ (Policy)၊ လုပ်ငန်းစဉ် (Work Plan) များ ရေးဆွဲနေပါသည်။

စာမျက်နှာ ၁၀ သို့ ❖

အဆင့်တိုင်းတွင် အရည်အသွေးမီပညာရေးသင်ယူနိုင်မှုသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအောင်မြင်ရန်၊ ကျား၊ မ တန်းတူဖြစ်ရေးနှင့် အမျိုးသမီးများ ဆုံးဖြတ်ခွင့်ရရှိရေး၊ အောင်မြင်စေရေးနှင့် ကျား၊ မ မရွေး အထူးသဖြင့် လူငယ်များ ထောင်စုနှစ်ရည်မှန်းချက်အပါအဝင် အပြည်ပြည်ဆိုင်ရာသဘောတူထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် တက်ကြွစွာပါဝင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်ကြောင်းကို ထပ်မံအတည်ပြု

◆ရွှေဖုံးမှ

ထို့ပြင် ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းက ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မူဝါဒ(၇)ခု၊ ရည်မှန်းချက်(၁၀)ခုနှင့် လုပ်ငန်းစဉ်(၁၅)ရပ်ချမှတ်ဆောင်ရွက်နေရာ မူဝါဒများသည် ခေတ်ကာလ၊ ပြည်သူများ၏ဘဝအခြေအနေနှင့် ကိုက်ညီပါကြောင်း၊ သို့ရာတွင် ရည်မှန်းချက်များ၌ ထောင်စုနှစ် ရည်မှန်းချက်ကိုပြည့်မီရေးဆိုသည့် မူဝါဒ ထည့်သွင်းခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဦးစီးဌာနသည် ကုသရေးတာဝန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များကို တစ်ပြိုင်တည်းထမ်းဆောင်နေရသော်လည်း ရရှိသည့် ဘတ်ဂျက်မှာ အဆိုပါတာဝန်နှစ်ခုအတွက် မျှတလုံလောက်စွာ ခွဲဝေနိုင်ခြင်းမရှိသဖြင့် ကျန်းမာရေးဦးစီးဌာနကို ဆေးကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဟူ၍ တစ်ခုစီခွဲထုတ်နိုင်ပါက ဘတ်ဂျက်ခွဲဝေရာတွင် မျှတစွာပံ့ပိုးနိုင်မည့်အပြင် လုပ်ငန်းဆောင်ရွက်မှုများပါ တိုးတက်လာမည်ဟု ထင်မြင်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွဲဝေရရှိမှုသည် (၄)ဆခန့်တိုးတက်လာသော်လည်း ပြည်သူများအမြင်တွင် (၂)ဆမျှတိုးတက်မှုမရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အထူးသဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးကျဆင်းလျက်ရှိပါကြောင်း၊ ကျန်းမာရေးဘတ်ဂျက်ကို ခွဲဝေဆောင်ရွက်ရာတွင် ကုန်ကျစရိတ်အချိုးရလဒ်ကို ဆေးရုံ၊ ဆေးခန်းအဆောက်အအုံတိုးတက်ရုံသာမက ကျန်းမာရေးအဆင့်အတန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်ပြီး အချိုးကျမျှတရန် လိုအပ်ပါကြောင်း၊ ဘတ်ဂျက်များကိုခွဲဝေရာ၌ လုပ်ငန်းဆောင်ရွက်မှုအပေါ် မူတည်ခွဲဝေပေးပါက ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအောင်မြင့်သိန်းက ကရင်ပြည်နယ်အတွင်း စက်မှုဇုန်များ ဖြစ်တည်အောင်မြင်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်လျက်ရှိပါကြောင်း၊ ကော့ကရိတ်မြို့နယ် ပြည်သူအားလုံးကလည်း လျှပ်စစ်ဓာတ်အားကို လွန်စွာလိုအပ်လျက်ရှိပါကြောင်း၊ မော်လမြိုင်-ကော့ကရိတ် ဓာတ်အားလိုင်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြေကြားကတိပြုခဲ့ပြီးဖြစ်ပါကြောင်း၊ တိကျမှန်ကန်သော၊ ပြည်သူများအားကိုးယုံကြည်သော အမျိုးသားစီမံကိန်းကြီးများ ဖြစ်ရန်နှင့် ကတိတည်သောအစိုးရဖြစ်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်(၂၃၀)ကေဗွီ မော်လမြိုင်-ကော့ကရိတ်-မြဝတီဓာတ်အားလိုင်း မိုင်(၈၀)နှင့် ခွဲရုံများ စီမံကိန်းကို ထည့်သွင်းလျာထားရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှု၊ တိုးတက်မှု၊ ထူးခြားမှုများ မရှိသေးပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောနေရာများတွင် သားဖွားဆရာမတစ်ဦးတည်းကိုသာ အားကိုးနေရသည့် ကျေးရွာ (၃)ရွာ၊ (၄)ရွာမှ ကျေးရွာနေ ကျေးလက်ပြည်သူများအတွက် မြို့ပြနှင့်ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်နည်းပါးစေရန် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးမူဝါဒတွင် ကျေးလက်၊ မြို့ပြ၊ ဆင်ခြေဖုံးနှင့် နယ်စပ်ဒေသများ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်မှုကို ထိရောက်မှန်ကန်စွာဆောင်ရွက်ရေး၊ ကျန်းမာရေးစနစ် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေးဟူ၍ ဖြည့်စွက်ထည့်သွင်းလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် လွှတ်တော်နှစ်ရပ်သဘောတူညီသည့် **ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းနှင့် အဆိပ်များ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့ပြီး **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးမြင့်ထွန်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး သတ္တမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ဝိုင်းဝန်းကူညီဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၀

လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းကောက်ယူရခြင်းမှာလူဦးရေကိန်းဂဏန်းများနှင့် ယင်းတို့၏ နေထိုင်မှုစနစ် သိရှိနိုင်ရေးအတွက် ဖြစ်ပါကြောင်း၊ ယင်းသို့ ကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်းဖြင့် အိမ်ထောင်စုတစ်စုလျှင် မေးခွန်း ၄၁ ချက်ကို မေးမြန်းကောက်ယူမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံ၏ လက်ရှိနှင့်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လူဦးရေကိန်းဂဏန်း အချက်အလက်များ ရယူခြင်းပင် ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ သန်းခေါင်စာရင်းဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားစေလိုပါကြောင်းဖြင့် ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီခွဲက ချင်းပြည်နယ် မင်းတပ်မြို့ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက တက်ရောက်အမှာစကားပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အိမ်ထောင်စု လူဦးရေ စာရင်းရှိခြင်း၊ မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မှတ်ပုံတင်ကတ်ပြားရှိခြင်း၊ မရှိခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းတို့နှင့်မသက်ဆိုင်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများသည်သန်းခေါင်စာရင်းဆိုင်ရာ ကော်မတီအဆင့်ဆင့်တွင် ဥက္ကဋ္ဌတာဝန်ယူရသူများဖြစ်၍ အဓိကကျပါကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများသည် လက်တွေ့ကျကျ ဆောင်ရွက်ရသူများဖြစ်၍ ပိုမိုအဓိကကျပါကြောင်း၊ စာရင်းစစ်၊စာရင်းကောက်များကို ရွေးချယ်ရာတွင် ကျန်းမာရေးကောင်းမွန်ခြင်း၊ ဒေသခံဖြစ်ခြင်း၊ဒေသခံဘာသာစကားတတ်ကျွမ်းခြင်းတို့အပေါ် မူတည်ရွေးချယ်ပေးကြရန် လိုအပ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရန် သတ်မှတ်ရက်မတိုင်မီကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများကိုလည်း စနစ်တကျစီမံထားရန် လိုအပ်ပါကြောင်း၊ မရှင်းလင်းသည့်အချက်များ၊ သိရှိလိုသည်များကိုလည်း အချိန်မရွေးဆက်သွယ်မေးမြန်းကြရန်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက်ဆောင်ရွက်သည့်လုပ်ငန်းစဉ် မဟုတ်ဘဲ ပြည်သူအားလုံး၏ အကျိုးအတွက် ဆောင်ရွက်သည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးဖြစ်သည်နှင့်အညီ အားလုံးကဝိုင်းဝန်းကူညီဆောင်ရွက်မှသာအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက နှစ်ပေါင်း(၃၀)ကြာမှကြုံတောင့်ကြုံခဲ ဆောင်ရွက်ခွင့်ရသည့် လုပ်ငန်းစဉ်ကြီးတွင် ပြည်သူ့အကျိုးအတွက် စေတနာထားကာဆောင်ရွက်ကြရန်နှင့် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းအကြောင်းသိကောင်းစရာများကို လက်ဆင့်ကမ်းရှင်းလင်းချပြ၍ မှန်မှန်ကန်ကန်ဖြေကြားဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PETROVIET-NAM EXPLORATION PRODUCTION OVERSEAS CO., Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ်၊ M-2 တွင် 2D Marine Seismic Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SR/V.BINH MINH 02 ဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀၁၄ ခုနှစ် မတ် ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ 2D Marine Seismic Acquisition Survey လုပ်ငန်းများဆောင်ရွက်မည့် PVEP-2014 :SEISMIC ACTIVITY AREA ၏ တည်နေရာများမှာ Point A1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၂၄. ၀၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁ မိနစ် ၀၄ ဒသမ ၄၆၃ စက္ကန့်၊ Point A2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၉ မိနစ် ၅၃ ဒသမ ၁၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁ မိနစ် ၀၃ ဒသမ ၁၁၉ စက္ကန့်၊ Point A3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၉ မိနစ် ၄၄ ဒသမ ၃၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၄ မိနစ် ၄၉ ဒသမ ၃၄၀စက္ကန့်၊ Point A4မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၆ မိနစ် ၃၃ ဒသမ ၅၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၄ မိနစ် ၃၂ ဒသမ ၈၁၆ စက္ကန့်နှင့် Point A5 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၁၅ ဒသမ ၅၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၉ မိနစ် ၀၉ ဒသမ ၇၀၉ စက္ကန့်အတွင်းတွင်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ်၊ M-2 တွင် 2D Marine Seismic Acquisition Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SR/V.BINH MINH 02 ဖြင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

သုံးမျိုးစုံပြိုင်ပွဲ (Triathlon) လူရွေးချယ်ပွဲ ရက်ပြောင်းရွှေ့

နေပြည်တော် ဇန်နဝါရီ ၃၀

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အားကစားဝန်ကြီးဌာနမှကြီးမှူး၍ ဖေဖော်ဝါရီ ၁ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်ထားသည့် သုံးမျိုးစုံ (Triathlon) ပဏာမလူရွေးချယ်ပွဲကို မူလရက်အစား မတ် ၁ ရက်သို့ ပြောင်းရွှေ့၍ နေပြည်တော်၌ကျင်းပသွားမည်ဖြစ်ပြီး ရေကူးမီတာ ၅၀၀၊ စက်ဘီးစီး ၃၀ ကီလိုမီတာနှင့် တာဝေးအပြေး (၇ ဒသမ ၅) ကီလိုမီတာတို့ကို ဇလိုက်ဆည်နှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံတို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကာ အမျိုးသား အမျိုးသမီးပြိုင်ပွဲ နှစ်မျိုးပါရှိမည်ဖြစ်ပြီး ပြိုင်ပွဲတိုင်းတွင် ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆု ငွေကျပ် ငါးသိန်းနှင့် ပဉ္စမဆုနှင့် ဆဋ္ဌမဆုများကို ငွေကျပ် သုံးသိန်းစီချီးမြှင့်သွားမည်ဖြစ်ပြီး သတ္တမမှ ဒသမအထိ ငွေကျပ်နှစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ ဆေးထောက်ခံချက်ဖြင့် အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ငါးရက်အလိုတွင် ရေကူးစွမ်းရည်စစ်ဆေးခြင်းကို နေပြည်တော်၌ ပြုလုပ်မည်ဖြစ်ကာ အမည်စာရင်းပေးသွင်းခြင်းကို ၂၀-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများတွင် ပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်စည်းမျဉ်းအသေးစိတ်ကို ၁-၂-၂၀၁၄ ရက်မှစ၍ အဆိုပါရုံးများတွင် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် Ooredoo Myanmar Limited တို့ လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် လိုင်စင်ရရှိခဲ့ပြီး ဖြစ်သည့် Ooredoo Myanmar Limited တို့၏ Nationwide Telecommunications Licence လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြတ်ဟိန်း၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဦးသောင်းတင်နှင့် တာဝန်ရှိသူများ၊ ကာတာနိုင်ငံ Ooredoo Group ဥက္ကဋ္ဌ H.E. Sheikh Abdullah Bin Mohammed Bin Saud Al Thani၊ Ooredoo Myanmar Limited မှ CEO Mr. Ross Cormack နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့အား မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးအော်ပရေတာများအဖြစ် လိုင်စင်များ ချပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယနေ့တွင် Ooredoo နှင့် Nationwide Telecommunications Licence ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ပါကြောင်း၊ ဖေဖော်ဝါရီ ၅ ရက်တွင်လည်း အလားတူ Telenor နှင့် လက်မှတ်ရေးထိုးမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆက်သွယ်ရေးကုမ္ပဏီကြီး နှစ်ခုအား လိုင်စင်များ ချပေးခြင်းကြောင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် များစွာ တိုးတက်လာမည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ ထို့ပြင် Telenor နှင့် Ooredoo တို့သည် မြန်မာနိုင်ငံ ဆက်သွယ်ရေးကဏ္ဍ၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လည်း များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆက်သွယ်ရေးကဏ္ဍ လျင်မြန်စွာ တိုးတက်စေရန်နှင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား နည်းပညာကွာဟမှုကို ကျဉ်းမြောင်းစေရန် ရည်မှန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်မှာ နိုင်ငံအတွင်း တယ်လီဖုန်းသိပ်သည်းဆ တိုးမြှင့်စေရန်ဖြစ်ပြီး ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများအထိ ဆက်သွယ်ရေးကွန်ရက်ဖြန့်ချိနိုင်ရန်နှင့် လူတိုင်းဈေးနှုန်းသက်သာစွာ ဆက်သွယ်နိုင်ကြရန်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆက်သွယ်ရေးကဏ္ဍကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးခြင်းကြောင့် အလုပ်အကိုင်သစ်များပေါ်ထွက်လာမည်ဖြစ်ပြီး ခေတ်မီနည်းပညာများကိုလည်း လက်ခံရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆက်သွယ်ရေးနှင့် အိုင်စီတီတိုးတက်မှုသည် ယင်းသို့ ဖော်ဆောင်နေမှုများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ကာတာနိုင်ငံ Ooredoo Group ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနကိုယ်စား ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်နှင့် Ooredoo Group ဥက္ကဋ္ဌတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

Telenor နှင့် Ooredoo တို့အား ၂၀၁၃ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ခဲ့သော ဆက်သွယ်ရေးဥပဒေနှင့်အညီ လိုင်စင်များ ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ လိုင်စင်သည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် စတင် သက်ဝင်မည်ဖြစ်ပြီး သက်တမ်းမှာ ၁၅ နှစ်ဖြစ်ကြောင်း သိရသည်။

Ooredoo Group အနေဖြင့် မြန်မာနိုင်ငံ၌ လုပ်ငန်းစတင်ချိန်တွင် 3G ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်မည်ဖြစ်ပြီး မကြာမီကာလအတွင်း ကမ္ဘာ့အဆင့်မီ 4G ဆက်သွယ်ရေး ဝန်ဆောင်မှုသို့ လျင်မြန်စွာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် ငါးနှစ်တာကာလအတွင်း နိုင်ငံလူဦးရေ၏ ၉၇ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည့် နေရာသို့ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

သစ်တောများကို ကာကွယ်စောင့်ရှောက်ခြင်းသည် သစ်တောများကို သာမက ဇီဝမျိုးစုံမျိုးကွဲများကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြစ်ပြီး သစ်တောများအား ကာကွယ်စောင့်ရှောက်ခြင်းဖြင့် သက်ရှိလောကတည်မြဲရေး၊ ဂေဟစနစ်တည်ငြိမ်ရေး၊ စားဝတ်နေရေးလိုအပ်ချက်နှင့် ဝန်ဆောင်မှုမျိုးစုံကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးရာရောက်သည်။ သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်ရှိ သက်ရှိများအတွက် အခြေခံကျသော အဓိကသယံဇာတဖြစ်သည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း သိရသည်။

သစ်တောပြုန်းတီးမှု၏ အကြောင်းအရင်းများအနက် တစ်ရပ်ဖြစ်သည့် တရားမဝင်သစ်ခိုးထုတ်လုပ်ခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင်သစ်သယ်ယူတင်ပို့နေမှုများအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပြည်သူတို့၏အားကို ရယူ၍ ဆောင်ရွက်လျက်ရှိရာ အဖိုးတန်တရားမဝင်သစ် ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်မှု၊ ၎င်းအဖိုးတန် တရားမဝင်သစ်များကို လုံခြုံရာသို့ သယ်ယူပို့ဆောင်မှုများအား စနစ်တကျ စီမံဆောင်ရွက်ခြင်းဖြင့် အဖိုးတန်သစ်များမှ နိုင်ငံတော်အတွက် ထိုက်တန်သည့် ဝင်ငွေရရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် တရားမဝင်သစ်များ ဖမ်းဆီးရမိခဲ့သည့် ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ် ရွှေလီမြစ်အနောက်ဘက်ကမ်းရှိ ညောင်ပင်သာကျေးရွာနှင့် နတ်ကုန်းကျေးရွာများအား ကွင်းဆင်းကြည့်ရှုပြီး**(အပေါ်ပုံ)** တရားမဝင်သစ် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများနှင့် တွေ့ဆုံအားပေး၍ တရားမဝင်သစ်ဖမ်းဆီး အရေးယူဆောင်ရွက်မှု၊ လုံခြုံရာသို့ သယ်ယူပို့ဆောင်မှုနှင့် ထုခွဲရောင်းချရန် စီမံဆောင်ရွက်မှုများအား ပွင့်လင်းရာသီအမီ ဆောင်ရွက်ပြီးစီးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန အောက်ရှိ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများ ပူးပေါင်း၍ ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲခရိုင်၊ မိုးမိတ်နှင့် မဘိမ်း နယ်မြေအတွင်းရှိ ညောင်ပင်သာ၊ နတ်ကုန်း၊ အင်လှော်၊ မြစ်ဆုံဒေသများ၌ အထူးစစ်ကြောင်းများဖြင့် တရားမဝင်သစ် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ၁၇-၁-၂၀၁၄ ရက်မှ ၂၈-၁-၂၀၁၄ ရက်အထိ တရားမဝင်ကျွန်း၊ ပိတောက်၊ တမလန်း၊ ယမနေသစ် ၂၄၆၃ ဒသမ ၇၉၄၈ တန်၊ ယာဉ် ၁၉ စီး၊ တူမီးသေနတ် တစ်လက်၊ ချိန်းဆော ၁၆ လက်၊ သစ်စက် အင်ဂျင် ၁၁ လုံးနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ် ဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းများအား အထူးစစ်ကြောင်းများဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှ စ၍ ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ တရားမဝင် ကျွန်း၊ ပိတ်တောက်၊တမလန်း၊ ယမနေသစ် ၄၁၂၀ ဒသမ ဝ၈၁၁ တန်၊ ယာဉ် ၂၂ စီး၊သစ်တင်ကရိန်းကား ငါးစီး၊ သစ်ဆွဲဆင်တစ်ကောင်၊ တူမီးသေနတ် တစ်လက်၊ ချိန်းဆော ၁၁ လက်၊ သစ်စက်အင်ဂျင် ၁၁ လုံးနှင့် ဆက်စပ်ပစ္စည်းများအား အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ ယခုအခါ ဖော်ပြပါတရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်နေမှုများတွင် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေး လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးကို စိတ်ပါဝင်စားသူများအားလုံး ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရေး အထူးအလေးထားဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃၀

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့နှင့် ဥပဒေပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့တို့ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပြင်ပမှ ပညာရှင်များဖြစ်ကြသည့် အကြံပေးအဖွဲ့ဝင်များတက်ရောက်ကြပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်တို့ပါဝင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန်အတွက် လုပ်ငန်းအဖွဲ့(၁၈)ဖွဲ့ခဲ့၍ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစ၍ ယခုအထိ ဆွေးနွေးဆောင်ရွက်နေခြင်းများနှင့် စပ်လျဉ်း၍ အကြံပေးအဖွဲ့ဝင်များအနေဖြင့် မိမိနှင့်သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များတွင် ပါဝင်ဆွေးနွေးနေသူများရှိသကဲ့သို့ မည်သည့် လုပ်ငန်းအဖွဲ့က မဆို အကြံဉာဏ်တောင်းခံလာသမျှကိုလည်း အကူအညီပေးလျက်ရှိကြောင်း၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များပူးပေါင်းဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူအခြေပြုပွင့်လင်းမြင်သာသော ဆွေးနွေးပွဲများ ကျင်းပရာတွင်လည်း အကြံပေးအဖွဲ့ဝင်များက တက်ရောက်အကြံပြုလျက်ရှိကြောင်း၊ ဆွေးနွေးပြီး လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှုရှိ၍ ပညာရေးကို စိတ်ပါဝင်စားသူများအားလုံး ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရေးအတွက် အထူးအလေးထားဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များဖြစ်ကြောင်း၊ တညီတညွတ်တည်း ဝိုင်းဝန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးပညာရှင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ပညာရှင်များအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် ဇေယျာသီရိမြို့နယ် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် မုခ်ဦးအသစ်တည်ဆောက်ပြီးစီးမှု၊ ဘွဲ့နှင်းသဘင်ခန်းမ အသစ်တည်ဆောက်ပြီးစီးမှုနှင့် အဆောင်သစ်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် စိုက်ပျိုးရေးတက္ကသိုလ်၏ အစည်းအဝေးခန်းမ၌ ကျင်းပသည့် အော်ဂဲနစ်စိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရန် တိုးချဲ့ဆောင်ရွက်ရေး ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် စီမံခန့်ခွဲမှု၏ အဓိကကျသော အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ရည်မှန်းချက်လုပ်ငန်းတာဝန်အား အကောင်အထည်ဖော်ရာတွင် ထိရောက်အောင်မြင်မှုရှိစေရေးအတွက် စီမံခန့်ခွဲမှု၏ အရေးပါမှုကို အမ် သီအိုရီ (M-Theory) ပုံစံဖြင့် ကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Dr. Sununtar Setboonsarng (Southeast Asia Department) နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကူညီထောက်ပံ့မည့် အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြရာ ဖိလစ်ပိုင်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနအဖွဲ့ (IRRI) အီရီမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဒေါက်တာမက်ဒေါနားကက်စီမယ်ရိုနှင့် ပညာရှင်များက မြန်မာနိုင်ငံတွင် အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာဖြင့် တောင်သူပညာပေးစိုက်ကွင်းများ ထူထောင်ရန် ဆွေးနွေးကြသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအနီး မအူတောကျေးရွာ၌ ဖော်ထုတ်လျက်ရှိသည့် ရေဆင်းဆည်ရေသောက် စက်မှုလယ်ယာမြေ ၁၄၈ ဧက ဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❑ ခရီးသည်တင်မှ

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လှူဒါန်းသော ခရီးသည်တင်ဘတ်စ်ကားသုံးစီးအား လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့ အခမ်းအနားတွင် TA TA Motors Limited နှင့် Apex Greatest Industrial Co,.Ltd. တို့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ TA TA Motors Limited မှ ထုတ်လုပ်သောမော်ဒယ် အမှတ်(LP-613) ခရီးသည် ၂၆ ယောက်စီးမော်တော်ယာဉ်တစ်စီး၊ မော်ဒယ်အမှတ်(LP-1924) ခရီးသည် ၄၁ ယောက်စီး မော်တော်ယာဉ်တစ်စီးနှင့် မော်ဒယ်အမှတ် (LPO-1318) ခရီးသည် ၄၄ ယောက်စီး မော်တော်ယာဉ်တစ်စီး စုစုပေါင်း မော်တော်ယာဉ်သုံးစီးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ မြန်မာ့ရုပ်မြင်သံကြားမှ

ဆင်ပေါင်ဝဲမြို့နယ်၊ မြို့သစ်မြို့နယ်၊ နတ်မောက်မြို့နယ်တို့မှ ဒေသခံပြည်သူအများစုက မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်၍ ဝမ်းသာပီတိဖြစ်လျက်ရှိပြီး ထုတ်လွှင့်ပြသမည့်အချိန်ကို မျှော်လင့်စောင့်စားလျက်ရှိကြောင်း ဒေသခံပြည်သူများက ပြောကြားခဲ့သည်။ **(၅၈၀)**

ပြည်ထောင်စုလွှတ်တော်သို့ I.L.B.C မှ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်များနှင့် ပညာရေးဆိုင်ရာစာအုပ်များလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်သို့ International Language & Business Centre (I.L.B.C) မှ ပြည်တွင်းထုတ် လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်သုံးစီးနှင့် ပညာရေးဆိုင်ရာစာအုပ်များ လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် I.L.B.C ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်သို့ ပညာရေးဆိုင်ရာစာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းက လက်ခံသည်။

ယင်းနောက် I.L.B.C ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်သို့ လှူဒါန်းသည့် ပြည်တွင်းထုတ် လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ် သုံးစီး၏ စာရွက်စာတမ်းများကို ပေးအပ်ရာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက လက်ခံခဲ့သည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

✳ ဒုချီးရားတန်းမှ

မီးလောင်ကျွမ်းမှုကြောင့် ခနိမိုး၊ ထရံကာအိမ်ကြီး လေးလုံး၊ အိမ်သေး ၁၂ လုံး စုစုပေါင်း နေအိမ် ၁၆ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ/တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှု မရှိခဲ့ကြောင်း၊ မီးရှို့မှုဖြစ်စဉ်အား ဒုချီးရားတန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ဇံဖြူက တရားလိုပြုလုပ်ကာ လူနေအိမ် ၁၆ လုံးအား မီးရှို့သွားခဲ့သူ ဘင်္ဂါလီလူမျိုးများအား ဥပဒေအရ စုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားသဖြင့် ဇန်နဝါရီ ၂၉ ရက်တွင် မောင်တောရဲစခန်း၌ အမှုဖွင့်အရေးယူထားသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းအား ဆက်သွယ်မေးမြန်းရာ "ဇန်နဝါရီ ၂၉ ရက် နံနက် ၁၁ နာရီလောက်မှာ ဒုချီးရားတန်း အနောက်ကျေးရွာ မီးလောင်ပြင်ကို မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်းနဲ့ တာဝန်ရှိသူတွေရယ်၊ ခရိုင်မြေစာရင်းဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့အဖွဲ့တွေ အပါအဝင် တစ်အိမ်ချင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့တယ်လို့ သိရပါတယ်။ မီးလောင်တဲ့ နေအိမ်တွေရဲ့ မျက်မြင်အနေအထားအရတော့ အဒူဘော်ရှောရဲ့ အိမ်အမှတ် (၅၆) အိမ်ခေါင်မိုးပေါ်မှာ ကောက်ရိုးထုံးတွေ ပစ်တင်ထားတာကို တွေ့ရတယ်။ နောက် အဲဒီပတ်ဝန်းကျင်မှာရှိတဲ့ မာမက်ဟာရှိန်းရဲ့ အိမ်အမှတ် (၅၄) နေအိမ်ထဲမှာ ထင်းတွေ စုပုံထားတာကို တွေ့ရတယ်လို့ သတင်းပို့ပါတယ်။ အိမ်ထဲမှာ ထင်းတွေ့တယ်ဆိုတာက မီးဖိုထဲမှာ တွေ့ရတာမျိုးမဟုတ်ဘဲ အိမ်အတွင်းထဲမှာ မီးရှို့ထားတဲ့ ထင်းတွေကို မသင်္ကာဖွယ်တွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ရှို့မီးဖြစ်တယ်လို့ ကျွန်တော်တို့ ဒီလိုပဲ ယူဆပါတယ်။ပြစ်မှုကျူးလွန်သူတွေကိုစုံစမ်းဖော်ထုတ်ပြီး အမှုဖွင့် အရေးယူဆောင်ရွက်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်"ဟု ပြောပြခဲ့သည်။

ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်းနှင့်အဖွဲ့သည် ကျေးရွာအတွင်း နေထိုင်ကြသော ရွာသူ ရွာသားများအား မိမိတို့နေအိမ်အတွင်း ပုံမှန်နေထိုင်ကြရန်နှင့် စိုးရိမ်မှုမရှိကြရန် လိုက်လံပြောကြားခဲ့ရာ ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်မှ ညနေ ၅ နာရီ နာရီခွဲ အထိ ဒုချီးရားတန်း အနောက်ရွာမှ အမျိုးသမီး ၂၀၊ အမျိုးသား ၂၂ ဦး စုစုပေါင်း ၄၂ ဦး ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

ဗိုလ်မှူးကြီးထိန်လင်းက"ကျွန်တော်တို့ဒီနေ့မှာလည်း ခရီးစဉ်တစ်ခုနဲ့ ဒုချီးရားတန်း အလယ်ရွာကို ရောက်ခဲ့ပါတယ်။ လူတွေပြန်နေထိုင်နေတာကို တွေ့ခဲ့ပါတယ်။ မီးလောင်မှုနဲ့ပတ်သက်ပြီးပြောရရင် အခုလို လုပ်ကြံထားတဲ့ ဖြစ်စဉ်မျိုးကို စစ်တွေမှာ ပဋိပက္ခဖြစ်တုန်းကလည်း အလားတူတွေ့ခဲ့ဖူးပါတယ်။ ဒါက တမင်ဖန်တီးလုပ်ဆောင်ထားတာလို့ ကျွန်တော်တို့ပြောနိုင်ပါတယ်"ဟုလည်း ထည့်သွင်းပြောပြခဲ့သည်။

မီးရှို့မှုဖြစ်စဉ်နှင့် ပတ်သက်၍ အခင်းဖြစ်ရပ်တွင် တွေ့မြင်ရသော အနေအထားများအရလည်းကောင်း၊ တစ်ချိန်တည်းတွင် အင်တာနက်နှင့် နိုင်ငံတကာ မီဒီယာအချို့၌ ဒုချီးရားတန်းရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးတုတ်များဖြင့် မီးရှို့လျက်ရှိသည်ဟု မမှန်သတင်းများအချိန်ကိုက် လွှင့်တင်ခြင်းများကြောင့်လည်းကောင်း ယခုဖြစ်စဉ်မှာ ရည်ရွယ်ချက်ရှိရှိဖြင့် တမင်ဖန်တီး လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ဖော်ထုတ်ရရှိကြောင်းဖြင့်လည်း ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိသည့်သတင်းများတွင်ဖော်ပြထားသည်။ **(သတင်းစဉ်)**

ကွပ်ကဲရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်းနှင့် ရပ်မိရပ်ဖများ မီးလောင်သည့် ကျေးရွာအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● အကြမ်းဖက်တိုက်ခိုက်မှုများမှ

ဖမ်းဆီးရမိသော သုံးဦးမှာ အူဆမာန်၊ မန်မက်နှင့် ဖက်ကရူးဟဆန်တို့ဖြစ်ပြီး အာဖဂန်နစ္စတန်အခြေစိုက် အယ်လ်ခိုင်ဒါတပ်ဖွဲ့တွင် အထူးတိုက်ခိုက်ရေးနှင့် ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ပြီး (၃)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြောင်း သိရသည်။

စစ်ကြောချက်များအရ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ် မေယုခရိုင်အား TALAIBAN IN ARKAN နိုင်ငံတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံအတွင်း တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်ကာ အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန်နှင့် ဘူးသီးတောင်၊ မောင်တော၊ စစ်တွေမြို့များတွင် ဗုံးပြုလုပ်နည်း၊ လက်နက်ငယ်ပြုလုပ်နည်းများကို လေ့ကျင့်သင်ကြားရန်ဖြစ်ကြောင်း၊ ခေါင်းဆောင်ဖြစ်သူ အူဆမာန်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအခြေစိုက် RSO သောင်းကျန်းသူအဖွဲ့မှ ဘဏ္ဍာရေးမှူး ဘန်ဒန်အီဒရီး၏ ညီဖြစ်ပြီး ဇာတိမှာ မောင်တောမြို့နယ် သီဟိုဠ်ကျွန်းကျေးရွာအုပ်စု ဘက္ကာဂုံးနားကျေးရွာမှ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး သုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

တရားမဝင်သစ်ဝယ်ယူရန် ရောက်ရှိနေသည့် တရုတ်နိုင်ငံသားနှစ်ဦးနှင့် စကားပြန်တစ်ဦးတို့အား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၃၀

တရားမဝင် သစ်ဝယ်ယူရန် ရောက်ရှိနေသည့် တရုတ်နိုင်ငံသား နှစ်ဦးတို့အား မူးယစ်ဆေးဝါးများနှင့်အတူ ဇန်နဝါရီ ၂၅ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ် လားရှိုး၊ ကျောက်မဲခရိုင် မိုးမိတ်နှင့် မဘိမ်းနယ်မြေအတွင်းရှိ ညောင်ပင်သာ၊ နတ်ကုန်း၊ အင်လှော်၊ မြစ်ဆုံဒေသများ၌ တရားမဝင်သစ်များ ရှာဖွေဖော်ထုတ် အရေးယူဆောင်ရွက်စဉ် ဇန်နဝါရီ ၂၅ ရက်က မဘိမ်းမြို့နယ် ညောင်ပင်သာကျေးရွာအနီးရှိ တဲတစ်လုံးအား မသင်္ကာသဖြင့် စစ်ဆေးရာ တရားမဝင်သစ်ဝယ်ယူရန်ရောက်ရှိနေသော တရုတ်နိုင်ငံသားနှစ်ဦးနှင့် စကားပြန်တစ်ဦးတို့အား မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိခဲ့သည်။

စစ်ဆေးချက်များအရ အဆိုပါ တရုတ်နိုင်ငံသားနှစ်ဦးမှာ ယူနန်ပြည်နယ် ယန်ကျန်းမြို့နယ်နေ ဝမ်ဖာချိုင်(၄၈)နှစ်၊ လူကျားရုံ(၄၄)နှစ်နှင့် စကားပြန်မှာ လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁၉) မန်အိုင်လမ်းနေ ခွန်ကြားစင် (၂၄) နှစ်တို့ဖြစ်ပြီး ၎င်းတို့နှင့်အတူ မြန်မာငွေကျပ်၁၈၅၅၃၀၀၊ တရုတ်ယွမ်ငွေ ၁၉၁ ယွမ် ၊ တရုတ်နိုင်ငံလုပ်ဆင်းကတ်ပါ မိုဘိုင်းဖုန်းတစ်လုံး၊ မူးယစ်ဆေးဝါး (ခတ်ဖုံ) ၁၂ ပဲသားခန့်နှင့် ဘိန်းရှူရာတွင်အသုံးပြုသော အရှည်နှစ်ပေခန့်ရှိ စတီးတော့ပါ ပြောင်းတစ်ခုတို့အား သိမ်းဆည်းရမိသည့်အတွက် ၎င်းတို့အား စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မြို့မ ရဲစခန်းတွင် အမှုဖွင့်လုစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၉ ကော်လံ-၆ ပါ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သော ဖြစ်စဉ်သတင်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲသတင်းတွင် "**၎င်းဒေသသို့ သံတမန်များ သွားရောက်လေ့လာနိုင်ရေးနှင့် ပတ်သက်ပြီး ယခင်ကလည်း မိမိတို့ စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုလည်း ထပ်မံစီစဉ်ပေးနိုင်ကြောင်း၊ လာမည့်မကြာမီရက်များတွင် ဥရောပသမဂ္ဂသံအမတ်ကြီးနှင့်အဖွဲ့လည်း ရခိုင်ပြည်နယ်သို့ သွားရောက်ရန်ရှိကြောင်း**" (အစား) "**၎င်းဒေသသို့ သံတမန်များ သီးခြားသွားရောက်လေ့လာဆန်းစစ်ရန် လိုအပ်ခြင်းမရှိဟုယူဆပါကြောင်း၊ သံတမန်များ၏ ရခိုင်ပြည်နယ်သို့ သွားရောက်ခြင်းများကို ယခင်သွားရောက်သည့် ခရီးစဉ်များတွင်လည်း ကူညီပေးခဲ့ကြောင်း၊ မကြာမီတစ်ရက်နှစ်ရက်အတွင်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ ရခိုင်ပြည်နယ်သို့ သွားရောက်မည်ဖြစ်ကြောင်း၊ နောင်ကိုလည်းသွားရောက်လိုသည့် ခရီးစဉ်များရှိပါက ကူညီပေးသွားမည်ဖြစ်ကြောင်း**" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

❖ လူမှုအသိုင်းအဝိုင်းမှ

ကျူးလွန်သူများအပေါ် မတူကွဲပြားစွာ ရေးသားလေ့ရှိကြောင်း၊ သက်တမ်းနုမီဒီယာလုပ်ငန်းသစ်များက အကြမ်းဖက်မှုသတင်းများကို မျက်နှာဖုံးသတင်းများအဖြစ် ဖော်ပြနေကြကြောင်း၊ စောင့်ကြည့်လေ့လာခဲ့သည့် ရေဒီယိုသတင်းများတွင် ပဋိပက္ခဦးတည်သော သတင်းတင်ဆက်မှုများမတွေ့ရှိရကြောင်းတို့ကို ဖော်ပြထားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့စဉ်အတွင်း အီလက်ထရွန်နစ်မီဒီယာနှင့် ပုံနှိပ်မီဒီယာအချို့တွင် ပဋိပက္ခနှင့် ပတ်သက်သော ဖော်ပြချက်များကို နှစ်လကြာစောင့်ကြည့်လေ့လာခဲ့ပြီး ရရှိလာသော တွေ့ရှိချက်များအပေါ် သတင်းမီဒီယာလုပ်ငန်းတွင်လုပ်ကိုင်လျက်ရှိသော သတင်းသမားများအား အချက်အလက်များဖြင့် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၀

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းသည် မိမိတို့နိုင်ငံ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘောတရားရေးရာအရ ကဏ္ဍပေါင်းစုံ ပါဝင်ရမည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း (Coordination) သည် ယခုကဲ့သို့ စတင်အစီအစဉ်ရေးဆွဲစဉ်ကာလကပင် အရေးတကြီးလိုအပ်ပါကြောင်း။

၂၀၁၂ ခုနှစ် ဇွန်လက နေပြည်တော်တွင် ကျင်းပခဲ့သော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်ညီလာခံတွင် နိုင်ငံတော်သမ္မတကြီး လမ်းညွှန်ချက်များကိုလည်း လုပ်ငန်းလမ်းညွှန်အနေဖြင့် ဆောင်ရွက်သွားစေလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒများ၊ မဟာဗျူဟာများနှင့် အစီအမံများကို ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် အဆင့်မြင့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအမံများ၊ ကျေးလက်နေ ဝင်ငွေနည်းပြည်သူများ၊ အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဘဝလုံခြုံရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်သွားရန် လိုကြောင်း။

လက်ရှိအချိန်ဟာ မိမိတို့နိုင်ငံ အခြေအနေနှင့် ကိုက်ညီသော လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် တည်ဆောက်နိုင်ရေး ကြိုးတင်ပြင်ဆင်နေသောကာလဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ အသေးစိတ်ရေးဆွဲရေးအဖွဲ့ (Drafting Unit) နှင့် နည်းပညာဆိုင်ရာ အထောက်အကူပြုနိုင်ရေးအတွက် နည်းပညာဆိုင်ရာလုပ်ငန်းကော်မတီ (Technical Working Committee) တို့ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင်လည်း လူမှုကာကွယ်စောင့်ရှောက်ရေးကို ခေါင်းစဉ်တစ်ခုအနေဖြင့် အလေးထားဆောင်ရွက်ဆွေးနွေးခဲ့ကြပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ စိတ်ဝင်စားမှုရှိသည်ကို အားတက်ဖွယ် သိရှိခဲ့ရပါကြောင်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ ကျင်းပသော လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ UNICEF၊ World Bank၊ ILO၊ World Food Programme၊ INGOs၊ NGOs များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပကြောင်း သိရသည်။

(သတင်းစဉ်)

စွယ်တော်ရတနာစေတီဓမ္မသဘင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်- ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ လှရတနာသုံးထပ်ကျောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသော စွယ်တော်ရတနာစေတီဒွါဒသမအကြိမ်ဗုဒ္ဓပူဇနိယပွဲတော်တွင် အမြတ်ဆုံးပူဇော်နည်းဖြစ်သည့် ဓမ္မရတနာဖြင့် ပူဇော်သွားမည်ဖြစ်ရာ ၁-၂-၂၀၁၄ ရက်တွင် ဓမ္မစေတီဖောင်ဒေးရှင်း ဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ၊ ၂-၂-၂၀၁၄ ရက်တွင် ရေစကြို တိပိဋကဆရာတော် ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ၊ ၃-၂-၂၀၁၄ ရက်တွင် ယော-တိပိဋကဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသတို့က ညစဉ် ၇ နာရီမှစ၍ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးမည်ဖြစ်ရာ အတူတကွ တရားနာယူနိုင်ရန် တိုက်တွန်းနှိုးဆော်ထားပါသည်။

❖စာမျက်နှာ ၆ မှ

၂၀၁၂ ခုနှစ်က ကျင်းပခဲ့သော Rio+20 Declaration ၏ ပညာရေးကဏ္ဍဆိုင်ရာဖော်ပြချက် အပိုဒ် ၂၃၄ တွင် ကျောင်းသား ကျောင်းသူ လူငယ်တွေအကြားမှာ သူတို့လေးတွေရဲ့တက်ကြွစွာပါဝင်မှု၊ ဆရာ ဆရာမများ ကျောင်းသားမိဘများ ပါဝင်မှုပုံစံဖြင့် အဆက်မပြတ်ဖွံ့ဖြိုးမှုရရှိရေးအတွက် ဖော်ပြပါအလေ့အကျင့်ကောင်းများ မျိုးစေ့ချသင်ဖို့နဲ့ ဘာသာရပ်ပေါင်းစုံမှာ SD ကို ထည့်သွင်းသင်ဖို့ ကျောင်းတွေကို အသေအချာတိုက်တွန်းထားတာကို တွေ့ရပါတယ်။

အပိုဒ် ၂၂၉ တွင်လည်း လူတိုင်းအတွက် ပညာရေးဆည်းပူးနိုင်ခွင့်နှင့်ပတ်သက်ပြီး လူတိုင်းအခြေခံပညာသင်ယူနိုင်ရေး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူတိုင်းအခြေခံပညာသင်ယူနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအားဖြည့်တိုးမြှင့်ရန် ထပ်မံအတည်ပြုပါသည်။ အဆင့်တိုင်းတွင် အရည်အသွေးမီပညာရေးသင်ယူနိုင်မှုသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအောင်မြင်ရန်၊ ကျား၊ မ တန်းတူဖြစ်ရေးနှင့် အမျိုးသမီးများဆုံးဖြတ်ခွင့်ရရှိရေး၊ အောင်မြင်စေရေးနှင့် ကျား၊ မ မရွေး အထူးသဖြင့် လူငယ်များ ထောင်စုနှစ်ရည်မှန်းချက်အပါအဝင် အပြည်ပြည်ဆိုင်ရာသဘောတူထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် တက်ကြွစွာပါဝင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်ကြောင်းကို ထပ်မံအတည်ပြုပါသည်။ ယခုကိစ္စနှင့်ပတ်သက်ပြီး မသန်စွမ်းသူများ၊ ဒေသခံများ၊ တိုင်းရင်းသားများနှင့် ကျေးလက်ဒေသနေပြည်သူများအားလုံး ပညာရေးကိုတန်းတူညီမျှမပျက်မကွက်သင်ယူနိုင်ခွင့်ရစေဖို့ လိုအပ်ကြောင်း အလေးထားပြောဆိုပါသည်ဟု ဖော်ပြထားပါသည်။

အပိုဒ် ၂၃၀ တွင်လည်း လူငယ်များသည် အနာဂတ်ပိုင်ရှင်များဖြစ်သည့်အတွက် လူငယ်များကို အခြေခံပညာထက်ကျော်လွန်၍ အရည်အသွေးမီပညာသင်ကြားခွင့်ရရှိစေရန် လိုအပ်ကြောင်း အသိအမှတ်ပြုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆရာအတတ်သင်မြှင့်တင်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် သင်ရိုးညွှန်းတမ်းများရေးဆွဲခြင်း၊ အသက်မွေးဝမ်းကျောင်းများအတွက် SD ဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ သင်ယူမှုရလဒ်ကောင်းများ ထွက်ပေါ်စေရေးအတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ ထိရောက်စွာ အသုံးချရေးတို့ ဆောင်ရွက်ခြင်းအပါအဝင် ကျွန်ုပ်တို့၏ပညာရေးစနစ်က လူတို့အား SD ရရှိအောင် ဆောင်ကြဉ်းနိုင်သော စနစ်ဖြစ်ရေးအတွက် အရည်အသွေးမြှင့်တင်ရန်ဆုံးဖြတ်ကြပါသည်။ အဆင့်အသီးသီးတွင် အရည်အသွေးမီပညာရေးဖြစ်ပေါ်ရေးအတွက် ကျောင်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အာဏာပိုင်များအကြား ပိုမိုပူးပေါင်းကြရန်လည်း တောင်းဆိုထားပါသည်။

အပိုဒ် ၂၃၁ တွင်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ကုလသမဂ္ဂပညာရေး ဆယ်စုနှစ်ရည်မှန်းချက်နှင့်အညီ ကျောင်းပြင်ပပညာရေး (non-formal education) ကို မြှင့်တင်ခြင်းဖြင့် လူငယ်များအကြား စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအသိပညာများပြန့်ပွားစေရေးဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းခဲ့ပါသည်။

အပိုဒ် ၂၃၃ တွင်လည်း ကုလသမဂ္ဂပညာရေးဆယ်စုနှစ် ၂၀၀၅-၂၀၁၄ ကို ကျော်လွန်၍ (အဆိုပါကာလ ကျော်လွန်သည့်နောက်) စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ပညာရေးကိုတိုးမြှင့်ရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (အလေ့အကျင့်၊ လုပ်ငန်း၊ အတွေးအခေါ်)ကို ပညာရေးတွင် ထဲထဲဝင်ဝင် (တက်တက်ကြွကြွ) ပေါင်းစပ်ရန်ဆုံးဖြတ်ပါကြောင်း ဖော်ပြထားပါသည်။

ကျန်အပိုဒ် ၂ ခု (၂၃၂ နှင့် ၂၃၅) တို့မှာ ပညာရေးဆိုင်ရာအဆောက်အအုံများ၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်းအပါအဝင် ပညာရေးတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အရေးပါသည်ကို အလေးထားပါကြောင်းနှင့် ပညာသင်ဆုများ ထောက်ပံ့ခြင်းကို အပြန်အလှန်ဖလှယ်ကြရန်အားပေးကြောင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် သုတေသနနှင့် တီထွင်မှုများပြုလုပ်နိုင်ရေးအတွက် အထောက်အပံ့ပြုပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးပါမှုကို အလေးအနက်ထားပါကြောင်း၊ တီထွင်ကြံဆမှု၊ ကျွမ်းကျင်မှုများသည် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည်များကို ပေါင်းကူးဆက်ယှက်ပေးသည့် တွန်းအားများဖြစ်သည်ကို အလေးထားပါကြောင်း ဖော်ပြထားပါသည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် သမိုင်းကြောင်းမိတ်ဆက်မှုနှင့် ၂၀၁၂ Rio+20 Declaration တွင် ပညာရေးနှင့်ပတ်သက်ပြီး ဖော်ပြချက်များကို သိရှိနိုင်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိရေးအတွက် ပြုပြင်ပြောင်းလဲနိုင်ပါရန် တင်ပြလိုက်ရပါသည်။ ။

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

သထုံ ဇန်နဝါရီ ၃၀

ကျေးလက်စာကြည့်တိုက်များ၏ စာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖြင့် ဆောင်ရွက်နိုင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အချင်းပြည့်ဝသော စာကြည့်တိုက်မှူးကောင်းများ ပေါ်ထွန်းလာစေရေးအတွက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၁၄) ကို ဇန်နဝါရီ ၂၈ ရက်က သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအုပ်စု ကြာပန်းကျေးရွာ "ကုမုဒြာ" စာကြည့်တိုက်၌ ကျင်းပသည်။ ရှေးဦးစွာ ကြာပန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စာကြည့်တိုက်ပညာမိတ်ဆက်၊ စာကြည့်တိုက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲရေး၊ မျိုးတူစုလုပ်ငန်း၊ စာစုစာပြုစာငှားလုပ်ငန်း၊ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းနည်းဟူသည့် စာကြည့်တိုက်ပညာဆိုင်ရာ ဘာသာရပ် ငါးမျိုးကို သထုံမြို့နယ်အတွင်းရှိ ကျေးရွာ ၂၇ ရွာမှစာကြည့်တိုက်မှူး ၄၅ ဦးတို့အား စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ဖခင်အမည်မှန်

သထုံမြို့နယ်၊ မိုးကောင်းကျေးရွာအုပ်စုနေ ပတိမ်ရိုးဖော်ဖ အထက်တန်းကျောင်း၊ နဝမတန်း(က)မှ မလှစပယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း[၁၀/သထန(နိုင်)၂၂၄၁၇၀] ဖြစ်ပါသည်။



မြေကွက်ကျယ်ရောင်းမည်

စနစ်တကျ၊ မြို့ကွက်လှလှတွင် ဒုတိယရန်ကုန်မြို့လယ်ခေါင် ဖြစ်လာမည့် မရမ်းကုန်းမှာ ခြံခတ်ပြီး၊ (၄၅'×၁၁၀')မြေကွက်၊ ဈေးနီး၊ ဘူတာနီး၊ ဘုရင့်နောင်ပိုနီး၊(ပါမသွားခင်လာထားစေချင်)။

ဖုန်း- ၀၉- ၅၂၀၀၈၆၀၊ ၀၉-၂၅၄၀၄၅၁၆၁

THE ASIA FOUNDATION

Job Vacancy Announcement

THE ASIA FOUNDATION is seeking a qualified national of the Union of Myanmar for the position of **Program Officer in Governance** to be based in Yangon. The successful applicant will possess M.A degree in development,international relations, public policy,political science,economics,law or other relevant discipline and have minimum 3 to 5 years of relevant experience in development assistance, government,academia,Journalsim or business sector.The Program Officer will support the Foundation's governance portfolio in program design,implementation and monitoring and evaluation(M&E),carry out research, and draft proposals and reports. S/he will have a strong command of written and spoken English,excellent interpersonal skills and intercultural skills. Candidates should submit a cover letter and CV to Ms.Wine Wai Wai Win at wwin@asiafound.org by February 10,2014.Only short-listed applicants will be notified.

မော်လမြိုင်တက္ကသိုလ်၌ ဟောပြောပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၃၀

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ဆောင်ရွက်မှုဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းရပ်ရှိ မော်လမြိုင်တက္ကသိုလ် ပင်မအခန်း (၁၅)၌ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပရာ မော်လမြိုင်တက္ကသိုလ် သမိုင်းဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမောင်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ညိုလှက မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် မှုခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲအုပ် သန်းငွေဝင်းက လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများနှင့် တားဆီးကာကွယ် ရေးဥပဒေ၊ အမှတ်(၉) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှ ဒုရဲမှူးငွေရွှေက ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း သိရှိနားလည်စေရေးနှင့် မော်တော်ဆိုင်ကယ်တိုက်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးရေးနှင့် မော်လမြိုင်စိတ်ရောဂါ အထူးကုဆေးရုံမှ ဆရာဝန်ကြီးဒေါက်တာ ဒေါ်ခင်ကိုကိုသူက မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့စု (မော်လမြိုင်) အဖွဲ့က တက်ရောက်လာသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

ကျော်သန်း(မော်လမြိုင်)

ဂျပန်-မြန်မာ ဒုတိယဝန်ကြီးများအဆင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

ပထမအကြိမ် ဂျပန်-မြန်မာ ဒုတိယဝန်ကြီးများအဆင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Toursim (MUT) မှ ဒုတိယဝန်ကြီး Mr.Toshiyuki Adachi တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ လမ်းကဏ္ဍ (Road Sector)၊ အိမ်ရာဖွံ့ဖြိုးရေးကဏ္ဍ (House and Building Sector)၊ ဆောက်လုပ်ရေးနှင့် ပတ်သက်သော ဥပဒေမူဘောင်ဖွံ့ဖြိုးရေးကဏ္ဍ (Legal Frame Work Development Sector) စသည့် ဆောက်လုပ်ရေးဆိုင်ရာ အချက်များနှင့် ပတ်သက်၍ နှစ်နိုင်ငံမှ ကိုယ်စားလှယ် များ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေး ညှိနှိုင်းစည်းဝေး

ပဲခူး ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး ရဲရိပ်သာအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်းက နယ်မြေအတွင်း ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များအတွင်း ယာဉ်တိုက်မှုနှိုင်းယှဉ်ချက် အခြေအနေကို ရှင်းလင်းပြောကြားပြီး ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲ ရေးဥပဒေပြဋ္ဌာန်းချက်များကို တိုင်းဒေသကြီး ဥပဒေအရာရှိ ညွှန်ကြားရေးမှူး ဦးဇော်လင်းမောင်တို့က ဥပဒေ၊ နည်း ဥပဒေများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများက လိုအပ်သည်များကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငွေးနိုင်(ပဲခူး)

လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ထရန်စဖော်မာအသစ်တပ်ဆင်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မျိုးနှင့် လျှပ်စစ်ဝန်ထမ်းများသည် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးတို့အတွက် ကမ်းနားအလယ်ရပ်ကွက် ထနီးလမ်းနှင့် ကန်သာလမ်းထိပ်ကြားတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ကွန်ကရစ်တိုင်ကြီးများဖြင့် 6.6/0.4 KV 315 KVA ထရန်စဖော်မာအသစ်တစ်လုံး တပ်ဆင်ပေးခဲ့ပြီး အဆိုပါရပ်ကွက်၏ ထနီးလမ်း၊ ကန်သာ

လမ်း၊ ဖန်စက်လမ်းများရှိ ယခင်လျှပ်စစ်မီးတိုင်များဖြစ်သော သစ်သားတိုင်နှင့် သံတိုင်ဟောင်းများနေရာတွင် ကွန်ကရစ် ဓာတ်တိုင်ကြီးများဖြင့် အစားထိုးလဲလှယ်ပေးခြင်း၊ ဗို့အား လျှပ်စစ်ဓာတ်အားလိုင်းကြိုး ၄၀၀ V ကြိုးများကို ယခု HDBC NO1 ကြေးကြိုးများဖြင့် အစားထိုးလဲလှယ်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဇန်နဝါရီ ၂၁ ရက်မှစတင်၍ အဆိုပါရပ်ကွက်များအတွင်း လျှပ်စစ်ဓာတ်အားများ အပြည့်အဝလွှတ်ပေးခဲ့ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကျော်က ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက အသစ်တပ်ဆင်ထားသော 6.6/0. 4KV 315 KVA ထရန်စဖော်မာအသစ်ရှေ့၌ ပြောကြားခဲ့သည်။**(ဝဲပုံ)**

ထို့နောက် ကမ်းနားအလယ်ရပ်ကွက် ထနီးလမ်း အမှတ် (၄၃၉) တွင် နေထိုင်သူ ဦးဖိုးကြည်က "ထရန်စဖော်မာရရှိရေးအတွက် တင်ပြထားတာ သုံးနှစ်ခန့်ရှိပြီဖြစ်ပါတယ်။ ယခင်က မီးအားမြှင့်စက်များကို အိမ်တိုင်းလိုလို သုံးနေရပြီး ယခုအခါ အဆိုပါထရန်စဖော်မာ အသစ်နှင့် ကြေးလိုင်းကြိုးများ အသစ်တပ်ဆင်ပေးခဲ့တဲ့အတွက် မီးအားမြှင့်စက်များ မလိုတော့ပါ။ ယခုလျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိပါတယ်"ဟု ပြောပြသည်။

(၆၈၄)

ပညာရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြန်အောင် ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာ ပညာရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီက စာကြည့်တိုက် အဆောက် အအုံသစ်ရှေ့၌ ကျင်းပရာ ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးညွန့်နှင့် သပြေကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မိုးမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက ပညာရိပ်မွန်စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ပညာရိပ်မွန် စာကြည့်တိုက် အဆောက်အအုံသစ်သည် အလျား ပေ ၂၀၊ အနံ ပေ ၃၀ RC အုတ်ပတ်ကားအဆောက်အအုံဖြစ်ပြီး ငွေကျပ် ၉၈ သိန်း ကုန်ကျကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်ခင်မြတ်နိုးလေးစားရပါသော ချစ်ဖေဖေ ဦးအောင်မြင့်နှင့် ချစ်မေမေ ဒေါ်နီလာ တို့၏ ၃၁-၁-၂၀၁၄ရက်တွင် ကျရောက်သော (၂၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ပိုမိုသာယာအေးချမ်းသော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးကြီး-ချစ်စနိုး
ချစ်သမီးလေး-ချစ်မြတ်နိုး



ပြင်ဆင်ဖတ်ရှုပါရန်

၄-၁-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၃) ကော်လံ(၂)ပါ ကန့်ကွက်နိုင်ကြောင်း မြေအမည်ပေါက် (ဦးဘိုးငြိမ်းနှင့် ဒေါ်စိန်မှန်)ကြော်ငြာတွင် ဒေါ်စိန်မှန်(မိခင်)နှင့် ဦးဘိုးဟန်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီး ဒေါ်မယ်ကျန်[၁၂/တမန(နိုင်)၀၆၂၀၉၂]ဟု ပြင်ဆင်ဖတ်ရှုပါရန်။



အလုကြိုက်သူများအတွက်

ကိုယ်လုံးလှ၊ ဘောင်းဘီ၊ ဗိုက်စည်း၊ ရင်စည်း၊ ကော့ဆက်၊ ဗိုက်ချပ်စကတ်နှင့်မိခင်လောင်းဝတ် ဗိုက်စည်းပုံစံမျိုးစုံ အထူးချုပ်သည်။ နယ်မှ မှာလိုသူများ ကိုယ်တိုင်းပေးလျှင် ပို့ပေးသည်။
နေသဇင်
အမှတ်(၉)၊ နောင်ရိုးလမ်း၊ မဆလာစက်မှတ်တိုင်ဘေးလမ်း၊ သိမ်ဖြူကွင်းအနီး။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၈၅၀၂၊ ၀၉-၇၃၀၈၄၄၉၅

ရေပန်းအစားဆုံးဆုအတွက် အလားအလာကောင်းနေသည့်

One Direction

မျိုးစန္ဒာမောင်

ဆယ်ကျော်သက် ဂီတပရိသတ်များ၏ အမာခံအားပေးမှုရရှိထားသည့် One Direction ပေါ့ပ်ဂီတအဖွဲ့သည် ၂၀၁၃ ခုနှစ်အတွင်းက ထွက်ရှိခဲ့သည့် တေးအယ်လ်ဘမ်များ၏ သီချင်းဒေါင်းလုပ်ရယူမှု၊ ရောင်းရအချပ်ရေပေါင်းနှင့် တစ်ကိုယ်တော်အယ်လ်ဘမ်များ၏ ရောင်းအားများကို စိစစ်တွက်ချက်ကာအပ်နှင်းသည့် ကမ္ဘာ့ဂီတလောက၏ ရေပန်းအစားဆုံးဆုအတွက် အလားအလာကောင်းလျက်ရှိကြောင်း သိရသည်။

International Federation of the Phonographic Industry မှ ချီးမြှင့်မည့် အဆိုပါ ဆုရရှိပါက ယင်းအဖွဲ့သည် ကမ္ဘာ့အကောင်းဆုံးတေးသံရှင် (၂၀၁၃)ဖြစ်လာမည်ဖြစ်ကြောင်း အဆိုပါဖက်ဒရေးရှင်းမှ အမှုဆောင်ဥက္ကဋ္ဌက ဆိုသည်။ ဆက်လက်ပြီးယင်းဆုအတွက် ဒုတိယနေရာတွင် တေးသံရှင်အမ်မီနမ်၊ တတိယနေရာတွင် ဂျက်စတင်တင်မ်ဘာလိတ်၊ စတုတ္ထနေရာတွင် Bruno Mars၊ ပဥ္စမနေရာတွင် ကေတီပယ်ရီတို့က ရပ်တည်လျက်ရှိသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက ထွက်ရှိခဲ့သည့် ၎င်းတို့၏တတိယမြောက် Midnight Memories အယ်လ်ဘမ်သည် အမေရိကန်ဘီလ်ဘုတ်ထိပ်တန်း ၂၀၀ စာရင်းတွင် ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့ပြီး ယင်းသည် အဆိုပါအဖွဲ့၏ ပထမဆုံးအကြိမ် သမိုင်းတွင်သည့်အောင်မြင်မှု တစ်ခုဖြစ်စေခဲ့သည်။

မေတ္တာအရင်းခံကြလျှင်ဖြင့်

ခင်မောင်ဌေး
(ပညာရေး)

သက္ကရာဇ် ၆၂၈ ခုနှစ်တွင်ရေးထိုးခဲ့သည့် ပုဂံခေတ် သိယ်သူ့သမီးကျောက်စာတွင် မှတ်မှတ်ရရစွဲစွဲနစ်နစ်ဖြစ်စေသည့် ကျောက်စာတစ်ကြောင်းပါရှိသည်ကို သတိထားမိသည်။ ယင်းစာမှာ "အမျက်အဉ္စ တစ်စေ့မရှိ ချစ်သောမျက်စိဖြင့် ရှုကြည့်ရလို၏" ဆိုသည့် စာကြောင်းပင်ဖြစ်သည်။

ပုဂံခေတ်ရေးထိုးခဲ့သည့် ကျောက်စာများတွင် သိယ်သူ့သမီးကျောက်စာသည်အတုယူဖွယ်၊ အားကျဖွယ်၊ လေးစားလိုက်နာဖွယ်ရာများပါရှိသည်။ ပုဂံခေတ်လူ့အဖွဲ့အစည်းအတွင်း ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဓလေ့ထုံးစံများနှင့်အတူ လူနေမှုစရိုက်လက္ခဏာများကို တွေ့ရှိရခြင်းပင်ဖြစ်သည်။

'အမျက်အဉ္စ' ဆိုသည်မှာ 'အမျက်ဒေါသ'ကို ဆိုလိုရင်းဖြစ်သည်။ စင်စစ် လူ့အဖွဲ့အစည်းအတွင်း အေးငြိမ်းချမ်းသာစွာ နေထိုင်နိုင်ရေးသည် လူသားတို့၏စိတ်မနောတွင် အချိန်ပြည့်ခိုမှီတွယ်နေတတ်သော အမျက်ဒေါသတို့ပြေငြိမ်းစေရန် ကျင့်ကြံနေထိုင်တတ်ဖို့ပင် ဖြစ်သည်။

လူသားတို့တွင် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော မီးသုံးမီးတို့ဖြင့် လောင်မြိုက်၍နေလေ့ရှိ၏။ ငါတည်းဟူသော အတ္တစိတ်ကြီးမားသူတို့တွင် ယင်းမီးသုံးမီး၏ လောင်မြိုက်မှုအားကြီးလေသည်။ ပူလောင်မှန်းသိသည့်တိုင် အသိခေါက်ခက်အဝင်နက်၍ ပူလောင်မြဲပင်နေလေ့ရှိကြလေသည်။

လူသားတို့သည် စည်းစိမ်ချမ်းသာအတန်သင့်နေထိုင်နိုင်ကြသည့်တိုင် တင်းတိမ်ရောင့်ရဲမှုနည်းပါးကြ၏။ လောဘသက္ကာယ ကြီးမားပြင်းထန်နေတတ်ကြ၏။ လောဘ၏နောက်ကွယ်တွင် ဒေါသ၊ မောဟတရားတို့ကပ်ငြိလာသောအခါ မိဘမောင်ဖွား၊ မိတ်ဆွေသူငယ်ချင်းသည်ပင်လျှင် အခင်အမင်ပျက်၏။ ကတိသစ္စာဖောက်ကြ၏။ အငြိုးအတေးထားကြ၏။ ပြိုင်ဆိုင်မှုပြင်းထန်ကာရံဖန်ရံခါတွင် တစ်ဖက်နှင့်တစ်ဖက် အပြုတ်ဖြုတ်၊ အပြတ်တိုက်ခိုက်ကြသည်အထိ ပြင်းထန်ကြ၏။

ငြိမ်းအေးခြင်း၏အစသည် မေတ္တာတရားပင်ဖြစ်သည်။ "တစ်ဦးမေတ္တာတစ်ဦးမှာ" ဆိုသည့်စကားရှိ၏။ တစ်ဦး၏ မေတ္တာတရားကိုတစ်ဦးကလည်း မေတ္တာဖြင့်တုံ့ပြန်နိုင်မှသာ ငြိမ်းအေးမှုအစစ်အမှန်ကို ရနိုင်ကြမည်ဖြစ်၏။ မေတ္တာတရားသည် လူမျိုး၊ အသွေး၊ အရောင်၊ အယူဝါဒကွဲပြားစေကာမူ ငြိမ်းအေးမှုကိုသာဖြစ်စေသည်။ ပူလောင်ခြင်းကင်းသောဘဝကို ခံစားရရှိနိုင်မည်သာဖြစ်သည်။

လူသားတို့သည် ပင်ကိုအားဖြင့် မေတ္တာဓာတ်ကြွယ်ဝကြ၏။ ကြီးမားလှသောမိခင်၏မေတ္တာရင်ခွင်တွင် ကြီးပြင်းလာရသကဲ့သို့ မေတ္တာတရားခေါင်းပါးကြသူများမဟုတ်။ သို့သော် လူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြရင်း တစ်မိသားစုပင်ဖြစ်လင့်ကစား အမြို့မြို့အနယ်နယ် အရပ်ရပ်သို့ ရေကြည်ရာမြက်နုရာနေထိုင်ကြရင်း အနေဝေးကြ၏။ အထူးသဖြင့် မြို့ကြီးပြကြီးများသည် အနယ်နယ်အရပ်ရပ်မှအခြေချနေထိုင်ကြသူများဖြစ်ကြရာ တစ်ဦးနှင့်တစ်ဦးအနေစိမ်းကြ၏။ ယင်းသို့သော လူ့အဖွဲ့အစည်းတွင် မြန်မာတို့၏ကူညီတတ်၊ အားနာတတ်သည့် ဓလေ့စရိုက်များပင်ကွယ်ပျောက်နေတတ်၏။ တစ်သီးတစ်သန့်နေထိုင်ကြကာ မိမိနှင့်ကပ်လျက်တိုက်ခန်းသည်ပင် မည်သူနေ၍ မည်သူမှန်းမသိကြ။ မေးစမ်းကြည့်၍ပင်မရသည့်နေရာများရှိ၏။ ဤဝန်းကျင်မျိုးတွင် မေတ္တာတရားခေါင်းပါးလှ၏။ တစ်ဦးနှင့်တစ်ဦးအားမနာတတ်သကဲ့သို့ နားလည်မှု၊ စာနာမှုတရားများလည်းပါးလျားလှ၏။ ဆိုရလျှင် အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားသည့် စိတ်ထားများထွန်းကားနေတတ်၏။ မိမိမှလွဲ၍ အခြားသူများအပေါ်တွင် မုဒိတာမပွားနိုင်၊ အကောင်းမြင်စိတ်နည်းပါးတတ်၏။ မေတ္တာတရားခေါင်းပါးသောဝန်းကျင်တွင်ပျော်ရွှင်မှု၊ ချမ်းမြေ့မှု၊ ရိုးပင်ကူညီမှုတို့သည်လည်း များများစားစားတွေ့နိုင်လိမ့်မည်မဟုတ်ပေ။

ရံဖန်ရံခါတွင် စိတ်သဘောမနောကောင်းသော ဝန်းကျင်များကိုလည်း တွေ့ရတတ်၏။ အသွင်အပြင် နယ်ပယ်ဒေသ မတူညီကြစေကာမူ သင့်တင့်မျှတစွာအလိုက်အထိုက်ပူးပေါင်းနေထိုင်ဆက်ဆံကြခြင်းဖြင့် "ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း" ဆိုသကဲ့သို့ ဆွေမျိုးအရင်းအချာများထက်ပင် ရင်းနှီးကျွမ်းဝင်ကြကာ တစ်ဦးအခက်အခဲတစ်ဦးဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးကြခြင်းဖြင့် အေးငြိမ်းသောမေတ္တာရပ်ဝန်းမျိုးကိုလည်း တွေ့နိုင်ပေသည်။

စင်စစ်မေတ္တာအရင်းခံသာဖြစ်သည်။ မေတ္တာတရားကို အခြေခံ၍ တစ်ဦးနှင့်တစ်ဦး စိတ်ဆိုးဒေါသဖြစ်ဖွယ်တွေ့ရသည့်တိုင် စိတ်ကိုဖြေလျှော့၍ အကျိုးသင့်အကြောင်းသင့် တွေ့ဆုံဆွေးနွေးပြောဆိုကြည့်လိုက်လျှင် အဆင်ပြေသွားနိုင်၏။ အထင်အမြင် လွဲမှားနေသည်များ ပြေလည်သွားနိုင်၏။ အခြေအနေမှန်၊ စိတ်ရင်းစေတနာမှန်ကိုနားလည်လာလျှင် အငြိုးအာဃာတများလည်းကြီးထွားမလာနိုင်တော့ပေ။ မေတ္တာတရား၏ရောင်ပြန်ဟပ်မှုဖြင့် ပြေငြိမ်းနိုင်လေ၏။

မေတ္တာတရား၏တန်ခိုးကြီးမားပုံ၊ အခက်အခဲ၊ အကျပ်အတည်း မျိုးစုံတို့ကို အောင်မြင်စွာလွန်မြောက်ဖြတ်သန်းနိုင်ပုံတို့ကို ဇာတကအဖုံဖုံတို့တွင် ဖတ်ရှုမှတ်သားနိုင်လေသည်။ ဆိုလိုသည်မှာ မေတ္တာတရားသည် အောင်မြင်မှု၏ အသက်သွေးပင်ဖြစ်သည်။ စစ်မှန်သော မေတ္တာတရားသည် အေးငြိမ်းသောလူ့မနောတွင်သာ အစဉ်ရှင်သန်နိုင်၏။ လောဘ၊ ဒေါသ၊ မောဟတရားများလွှမ်းခြုံနေသော လူ့မနောတွင် မေတ္တာတရားတို့ ခိုလှုံရှင်သန်နိုင်ကြသည်မဟုတ်ပေ။

ထို့ကြောင့် ချစ်ခြင်းမေတ္တာတရားကို မိမိတို့၏စိတ်မနောတွင် ထာဝရရှင်သန်မှီတွယ်နေနိုင်ရန် "ကောင်းသောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးသို့" ဆိုသည့်အတိုင်း မိမိတို့၏စိတ်နှလုံးကိုမြင့်မြတ်ဖြူစင်စွာ ကျင့်ကြံနေထိုင်နိုင်ကြဖို့လိုပါသည်။ တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံနေထိုင်ရာတွင်လည်း သိယ်သူ့သမီး၏ စိတ်ဆန္ဒကဲ့သို့ "အမျက်ဒေါသကင်းစင်လျက် ချစ်သောမျက်စိဖြင့် ရှုကြည့်နိုင်ကြဖို့" ပင်ဖြစ်သည်။ မေတ္တာအရင်းခံကြသည်မို့ ချမ်းအေးမြသောမေတ္တာဓာတ်ကို ပြန်လှန်ခံစားနိုင်ကြမည်ဖြစ်၏။ လူတိုင်းလူတိုင်းက မိမိတို့၏စိတ်မနောတွင် မေတ္တာတရားအရင်းခံထားကာ ပြောဆိုနေထိုင်ဆက်ဆံကြလျှင်ဖြင့် . . .။ ။

■

ကြော်ငြာစာ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနလက်အောက်ရှိ မွေးမြူရေးခြံ/စက်ရုံလုပ်ငန်း(၄၃)ခု၊ ငါးလုပ်ငန်းဦးစီးဌာနမှ အအေးခန်းနှင့် ရေခဲစက်ရုံ(၂)ခု၊ ပုစွန်သားဖောက်စခန်း(၁)ခု၊ စုစုပေါင်း လုပ်ငန်း(၄၆)ခုအနက် အောက်ဖော်ပြပါလုပ်ငန်း(၃၂)ခုအား ၃-၂-၂၀၁၄ ရက် ၁၃း၀၀နာရီ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)၊ အစည်းအဝေးခန်းမတွင် တင်ဒါရွေးချယ်မည်ဖြစ်ရာ အဆိုပြုလွှာတင်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း/လူပုဂ္ဂိုလ်များမှ လုပ်ငန်းတစ်ခုလျှင် စပေါ်ငွေ ကျပ်သိန်း(၅၀)နှင့်အတူ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးတူဖက်စပ် **(Product Sharing)**ဆောင်ရွက်မည့်လုပ်ငန်းများ

(၁)	တာယောအစာသိုလှောင်ရုံ	(၁၈)	ရွာသာကြီးနွားမွေးမြူရေးခြံ
(၂)	ပင်လောင်းမွေးမြူရေးခြံ	(၁၉)	စားကျက်စက်မှုစခန်း(ပျဉ်းမပင်)
(၃)	ဆီဆိုင်မွေးမြူရေးခြံ	(၂၀)	မန္တလေးအစာစပ်စက်ရုံ
(၄)	ဟိုမော်မွေးမြူရေးခြံ	(၂၁)	ရွာသာကြီးအစာစပ်စက်ရုံ
(၅)	ရွှေမျှားရွှေမွေးမြူရေးခြံ	(၂၂)	ငါးဆူတောင်အသားတိုးဘဲမွေးမြူရေးခြံ
(၆)	ဝက်သားကုန်ချောစက်ရုံ(ဒိုက်ဦး)	(၂၃)	ရွာသာကြီးဘဲမွေးမြူရေးခြံ
(၇)	မြိုင်ဆိတ်မွေးမြူရေးခြံ	(၂၄)	ရွာသာကြီးယူနစ်(၄)ဘဲမွေးမြူရေးခြံ
(၈)	တာချီလိတ်မွေးမြူရေးခြံ	(၂၅)	ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့်အစာစပ်စက်ရုံ
(၉)	ပျဉ်းမပင်မျိုးသန့်ကြက်မွေးမြူရေးခြံ	(၂၆)	ဒိုက်ဦး သဘာဝဇီဝမြေသြဇာစက်ရုံ
(၁၀)	ပျဉ်းမပင်အသားတိုးမျိုးကြက်မွေးမြူရေးခြံ	(၂၇)	ထုံးဘိုဝက်မွေးမြူရေးခြံ
(၁၁)	ပျဉ်းမပင်ဗဟိုဖောက်စက်(အသစ်)	(၂၈)	လားရှိုးဝက်မွေးမြူရေးခြံ
(၁၂)	ပျဉ်းမပင်ဗဟိုဖောက်စက်(အဟောင်း)	(၂၉)	ပျဉ်းမပင်ဝက်မွေးမြူရေးခြံ
(၁၃)	ပျဉ်းမပင်နွားမွေးမြူရေးခြံ	(၃၀)	ကျောက်ဖြူအအေးခန်းနှင့်ရေခဲစက်ရုံ
(၁၄)	ပေါင်းငူကြက်မွေးမြူရေးခြံ	(၃၁)	ညောင်ရွှေအအေးခန်းနှင့်ရေခဲစက်ရုံ
(၁၅)	ပြင်ဦးလွင်မျိုးရင်းစစ်ကြက်မွေးမြူရေးခြံ	(၃၂)	လုံးသာပုစွန်သားဖောက်စခန်း
(၁၆)	မြစ်ကြီးနားမွေးမြူရေးခြံ		
(၁၇)	ရိခေါဒါရ်မွေးမြူရေးခြံ		

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်-၂

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိပြင်ဦးလွင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် ခွဲကျောက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ခွဲကျောက်မျိုးစုံ	၅၀၈၆ ကျင်း
(ခ)	ဂျင်းမြေ၊ ကျောက်ရောမြေ	၁၇၅၉ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၁-၂-၂၀၁၄ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ
တင်ဒါလျှောက်လွှာဖွင့်မည့်အချိန် - ၁၁-၂-၂၀၁၄ ရက်၊ မွန်းလွဲ ၁း၃၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၃၀-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြင်ဦးလွင်
မြို့နယ်အင်ဂျင်နီယာရုံး၊ ပြင်ဦးလွင်၊
သပိတ်ကျင်း၊ တကောင်းမြို့နယ်ခွဲ၊ မိုးကုတ်

☎ -၀၈၅-၂၂၀၄၃၊ ၀၂-၆၀၂၇၃၊ ၀၈၆-၃၀၁၃၇၊ ၀၉-၆၅၃၈၄၃၂

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ



YCDC ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် P.G.A Myanmar က ကြီးကြပ်သော YCDC Cup Winter Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် YCDC Cup Winter Senior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲများ၏ ဒုတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲများကို ဇန်နဝါရီ ၃၀ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (ငွေသော်တာဂေါက်ကွင်း)၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Senior Professional အဆင့်ပြိုင်ပွဲတွင် မြင့်ရွှေက နှစ်ရက်ပေါင်း သုံးချက်လျော့ရိုက်ပြီး ၁၄၁ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။ အေးကိုနှင့် မြင့်သောင်းတို့က နှစ်ရက်ပေါင်း ၁၄၄ ချက်စီဖြင့် ဒုတိယလိုက်ပြီး ဝင်းထွန်းသိန်းက နှစ်ရက်ပေါင်း ၁၄၉ ချက်ဖြင့် တတိယလိုက်နေသည်။ SeniorAmateur ပြိုင်ပွဲတွင် ကျော်လှိုင်က နှစ်ရက်ပေါင်း ၁၅၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ကြည်မြင့်က နှစ်ရက်ပေါင်း ၁၅၁ ချက်ဖြင့် ဒုတိယလိုက်ကာ ခင်မောင်လတ်က နှစ်ရက်ပေါင်း ၁၅၃ ချက်ဖြင့် တတိယလိုက်နေသည်။ Professional အဆင့်ပြိုင်ပွဲတွင် လှမျိုးက နှစ်ရက်ပေါင်း ခုနစ်ချက်လျော့ရိုက်ပြီး ၁၃၇ ချက်ဖြင့် ဦးဆောင်ကစား လျက်ရှိသည်။

သိန်းဇော်မြင့်နှင့် ဇော်ဇော်လတ်တို့က နှစ်ရက်ပေါင်းခြောက်ချက်စီလျော့ရိုက်ကာ၁၃၈ ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး အောင်ဝင်းကလည်း နှစ်ရက်ပေါင်း လေးချက်လျော့ရိုက်ပြီး တတိယလိုက်နေသည်။ Amateur အဆင့်ပြိုင်ပွဲတွင် သီဟဌေးနှင့် မောင်မောင်ဦးတို့က နှစ်ရက်ပေါင်း နှစ်ချက်စီလျော့ရိုက်ပြီး ၁၄၂ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ကျော်သူက နှစ်ရက်ပေါင်း ၁၄၄ ချက်ဖြင့် ဒုတိယလိုက်ပြီး ကျော်သက်ဦးက နှစ်ရက်ပေါင်း ၁၄၅ ချက်ဖြင့် တတိယလိုက်နေသည်။ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပရီမီယာလိဂ် အမှတ်ပေးဇယားကို မန်စီးတီး ဦးဆောင်ပြီ

ပရီမီယာလိဂ်ပွဲစဉ် (၂၃)ပွဲစဉ်၏ လက်ကျန်ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုက်ဟက်ဒ်လိန်း၌ ယှဉ်ပြိုင်ကစားခဲ့သော စပါးအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် အဝေးကွင်းသို့ လာရောက်ကစားခဲ့ရသော မန်စီးတီးအသင်းက နိုင်ပွဲရရှိကာ ပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

စပါးအသင်းနှင့် မန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် စပါးအသင်းသည် လာမယ်လာနှင့် တောင်ဆန်တို့ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့သော်လည်း စပါးအသင်းအတွက် အနိုင်ဂိုးများသွင်းယူပေးလေ့ရှိသည့် တိုက်စစ်မှူး အဒီဘာယော၊ ဒမ်ဘီလီ၊ အဲရစ်ဆင်းလန်ဒွန်၊ ဝေါ့ကာစသည့် ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး မန်စီးတီးအသင်းမှာမူ ဂါစီယာ၊ နာဆရီ၊ မီနာတို့ဒဏ်ရာပြဿနာကြုံနေပြီး ဇက်ကို၊ တိုရေး၊ ဖာနန်ဒင်ဟို၊ ဆေးလ်ဗား၊ အဂူရို၊ ကွန်ပနီစသည့် ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ကစားစေခဲ့သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးတိုက်စစ်မှူး အဂူရိုက ပွဲကစားချိန် ၁၅ မိနစ်တွင် မန်စီးတီးအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သဖြင့် မန်စီးတီးအသင်း အဝေးကွင်းတွင် ဦးဆောင်နိုင်ခဲ့ပြီး ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိ အသင်းကြီးနှစ်သင်း၏ ပြိုင်ဆိုင်မှုသည် ပြင်းထန်လာခဲ့သည်။

သို့ရာတွင် ဒုတိယပိုင်းပွဲစပြီးနောက် ငါးမိနစ်အကြာတွင် စပါးကစားသမား ဒန်နီရို့စ် တိုက်ရိုက်အနီကတ်ပြခံခဲ့ရပြီးနောက် စပါးအသင်းသည် တစ်ယောက်လျော့ဖြင့် ကစားခဲ့ခြင်းကြောင့် မန်စီးတီးအသင်း၏ တရစပ်ဖိအားပေးမှုကို ခံရကာ ဒုတိယပိုင်းတွင် လေးဂိုးထပ်မံပေးလိုက်ရသည့် စပါးအသင်း ပွဲကစားချိန် ၅၉ မိနစ်မှသာ ချေပဂိုးပြန်သွင်းနိုင်ခဲ့ပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက စပါးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ရမှတ် ၅၃ မှတ်ဖြင့် အာဆင်နယ်အသင်းကို တစ်မှတ်ဖြတ်ကာ ပရီမီယာလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ငွေကြယ်

စီးရီးအေ ရင်ခုန်သံ - ၂၂

ရှိုင်းမင်းမင်း

စီးရီးအေပွဲစဉ်ရဲ့ ပွဲစဉ် ၂၂ ကို ဖေဖော်ဝါရီ ၁၊ ၂၊ ၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိပြီး ဂျူဗင်တပ်နဲ့ အင်တာမီလန်ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိမှာသေချာနေပါတယ်။

ကယ်ဂလီယာရီ - ဖီယိုရင်တီးနား ည ၁၁း၃၀ (၁-၂-၁၄)

ကယ်ဂလီယာရီဟာ လက်ရှိခြေ အားပျော့နေတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့်လည်း ဖီယိုရင်တီးနားကို ထိန်းချုပ်ဖို့ခက်ပါလိမ့်မယ်။ ဖီယိုရင်တီးနားရဲ့ခြေကလည်း ကောင်းမွန်နေတာကြောင့် ဖီယိုရင်တီးနားပဲ ကပ်နိုင်သွားမှာပါ။

ဘလော့ညာ - အူဒီးနီးစ် ည ၁၁း၃၀ (၁-၂-၁၄)

ဘလော့ညာဟာ ခံကစားအားကောင်းမွန်တဲ့ အသင်းပါ။ အိမ်ကွင်းအားလည်းရှိနေတာကြောင့် အမှတ်ရဖို့ အားစိုက်လာမှာ သေချာနေတယ်။ အူဒီးနီးစ်ကလည်း ခြေစွမ်းပိုင်းပျက်ယွင်းနေတာကြောင့် ဘလော့ညာကိုပဲ နှစ်သက်မိပါတယ်။

အေစီမီလန် - တိုရီနို နံနက် ၂း၁၅ (၂-၂-၁၄)

နည်းပြသစ် ဆီးဒေါ့ဖ်လက်ထက်မှာ အေစီမီလန် ခြေသာမန်သာရှိပါသေးတယ်။ တိုရီနိုကတော့ လက်ရှိခြေစွမ်းပိုင်းအရ တည်ငြိမ်မှုရှိနေပါတယ်။ ဒါပေမယ့်လည်း ကွင်းက အေစီမီလန်ရဲ့ကွင်း ဖြစ်နေပါတယ်။ အေစီမီလန်အနိမ့်ဆုံးသရေရမှာပါ။

ဂျီနိုအာ - ဆမ်ဒိုးရီးယား ည ၆း၀၀ (၂-၂-၁၄)

ဂျီနိုအာဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ မဆိုးပါဘူး။ အိမ်ကွင်းအားလည်းရှိတယ်။ ဆမ်ဒိုးရီးယားက အဝေးကွင်းပွဲစဉ်တွေမှာ အားနည်းတတ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းအားနဲ့ ဖိအားပေးလာမယ့် ဂျီနိုအာကိုပဲ နှစ်သက်တယ်။

ဆာစူအိုလို - ဗီရိုနာ ည ၇း၃၀ (၂-၂-၁၄)

ဆာစူအိုလိုဟာ ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ ဗီရိုနာက သုံးပွဲဆက်အရေးနိမ့်ခဲ့ပေမယ့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာပါ။ ဆာစူအိုလိုကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်း ကွာဟနေမှုကြောင့် ဗီရိုနာနဲ့ပဲ ရပ်တည်အားပေးရဖို့ရှိတယ်။

ခီယေဗို - လာဇီယို ည ၇း၃၀ (၂-၂-၁၄)

လာဇီယိုခြေ မဆိုးပေမယ့် အဝေးကွင်းအားပျော့မှုရှိတယ်။ ဒါပေမယ့် ခီယေဗိုကလည်း အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ခြေသာမန်သာရှိပါတယ်။ ဒါကြောင့် ကစားသမားအင်အားပိုကောင်းတဲ့ လာဇီယိုနဲ့ အရဲစွန့်မယ်။

ကာတာနီးယား - လီဗော်နို ည ၇း၃၀ (၂-၂-၁၄)

ကာတာနီးယားဟာ အမှတ်ပေးဇယားအောက်ဆုံးရောက်နေတဲ့အသင်းပါ။ လီဗော်နိုကလည်း သူ့အထက်က အသင်းဖြစ်ပြီး ခြေမကွာပါဘူး။ ဒါကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမယ့် ကာတာနီးယားကိုပဲ နှစ်သက်မိတယ်။

အတ္တလန္တာ - နာပိုလီ ည ၇း၃၀ (၂-၂-၁၄)

အတ္တလန္တာရဲ့ခြေစွမ်းပိုင်းအရ အတက်ဘက်ရောက်နေပေမယ့် နာပိုလီကို ယှဉ်နိုင်ဖို့ခက်ပါတယ်။ နာပိုလီက နှစ်ပွဲဆက်သရေကျခဲ့မှုကို ချေဖျက်ဖို့ကြိုးစားလာမှာပါ။ နာပိုလီတို့ အဝေးကွင်းဖြစ်ပေမယ့် ကပ်ပြီးအနိုင်ရသွားမှာပါ။

ရိုးမား - ပါးမား ည ၇း၃၀ (၂-၂-၁၄)

ပါးမားခြေ မဆိုးဘူးဆိုပေမယ့် ရိုးမားရဲ့လက်ရှိခြေကို မမီပါဘူး။ ရိုးမားက အိမ်ကွင်းဖြစ်တဲ့အပြင် ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေတဲ့အတွက် ပါးမားကို ဖိအားပေးသွားနိုင်မှာပါ။ ရိုးမားနဲ့ပဲ ရပ်တည်အားပေးရဖို့ရှိပါတယ်။

ဂျူဗင်တပ် - အင်တာမီလန် နံနက် ၂း၁၅ (၃-၂-၁၄)

အင်တာမီလန်အနေနဲ့ ခြေစွမ်းပိုင်းအရ သာမန်သာရှိပါတယ်။ ဂျူဗင်တပ်က ပွဲစဉ် ၂၁ မှာ သရေကျခဲ့တာကြောင့် ဒီပွဲကို အနိုင်ကစားသွားမှာပါ။ အိမ်ကွင်းလည်းဖြစ်နေတဲ့အတွက် ဂျူဗင်တပ်ကသာ ဖိအားပေးပြီး အနိုင်ကစားသွားပါလိမ့်မယ်။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း)အတွက် အောက်ဖော်ပြပါ ပစ္စည်းများအားဝယ်ယူလိုပါသည်-

(က) Automobile Lab Equipment
(ခ) Electronic Lab Equipment
(ဂ) Electrical Power Lab Equipment
(ဃ) Civil Lab Equipment

၂။ အဆိုပါပစ္စည်းများကို မိမိတင်သွင်းနိုင်သည့် Specification အပြည့်အစုံနှင့် လိုအပ်သော Catalouge/Brouchers များ ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီ ပေးသွင်းနိုင်သူဖြစ်ရပါမည်။

၃။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက် ဝယ်ယူနိုင်ပြီး ၁၄-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

အမှတ်(၁၆၈)၊ မဟာဗန္ဓုလလမ်းနှင့် ၅၃ လမ်းထောင့် ပုဇွန်တောင်မြို့နယ်

1. Driver (အိမ်ကားမောင်းရန်) ကျား (၁) ဦး

ဘွဲ့ရရှိပြီးယာဉ်မောင်းသက်တမ်းအနည်းဆုံး(၃)နှစ်ရှိရမည်။ အိမ်ကားမောင်းနှင်ရမည်ဖြစ်ပြီး Auto Gear မောင်းဖူးသူ ဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ အခါအားလျော်စွာ နယ်သို့ ခရီးသွားနိုင်သူ ဖြစ်ရမည်။ ကွမ်း၊ ဆေးလိပ်၊ အရက်ကင်းသူဖြစ်ရမည်။

အသက် (၃၀-၄၅) နှစ်ကြား

(နံနက်၉ နာရီမှ ညနေ ၆ နာရီအတွင်း ဖေဖော်ဝါရီလ ၁၇ ရက် နောက်ဆုံးထား၍ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ ကိုယ်ရေးရာဇဝင်၊ ဘွဲ့လက်မှတ် မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ခရီးသည်တင် ရိုးရိုးယာဉ်များ အထူးယာဉ်များနည်းတူ ယာဉ်စီးခ ပိုမိုကောက်ခံနေ

ရန်ကုန် ဇန်နဝါရီ ၃၀

ခရီးသည်တင်ယာဉ်များတွင် ရိုးရိုးယာဉ်နှင့် အထူးယာဉ်ဟူ၍ ခွဲခြားထားရှိပြီး ရိုးရိုးယာဉ်များအနေဖြင့် အထူးယာဉ်များနည်းတူ ယာဉ်စီးခကို ကျပ် ၂၀၀ သို့ ကောက်ခံလျက်ရှိကြောင်း သိရသည်။

ခရီးသည်တင် ရိုးရိုးယာဉ်များသည် ခရီးစဉ်ဖြတ်ပိုင်း တစ်ပိုင်းလျှင် ကျပ် ၅၀ သာ ကောက်ခံရမည်ဖြစ်ပြီး ယာဉ်များပေါ်တွင် ခရီးစဉ်ကောက်ခံမည့်နှုန်းထားဖြတ်ပိုင်းကပ်ထားရမည် ဖြစ်သော်လည်း ဒိုင်နာ၊ ဘီအမ်ယာဉ်များနှင့် အခြားခရီးသည်တင်ယာဉ်များတွင် ခရီးစဉ်နှုန်းထားခဖြတ်ပိုင်း လုံးဝကပ်ထားခြင်းမရှိဘဲ ယာဉ်စီးခကို ကျသင့်သည့် နှုန်းထားထက် ပိုမိုကောက်ခံလျက်ရှိကြောင်း သိရသည်။

"အခုနောက်ပိုင်းမှာအထူးယာဉ်လိုင်းဆိုပြီးတော့ ထပ်ပြီး လုပ်ခွင့်မပေးတော့ပါဘူး။ ယာဉ်စီးခနှုန်းထားမကပ်တဲ့ ယာဉ်တွေနဲ့ ယာဉ်စီးခ ပိုမိုကောက်ခံတဲ့ယာဉ်တွေကိုလည်း ထိရောက်စွာ အရေးယူသွားမှာပါ" ဟု မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

ရန်ကုန်မြို့တွင် ပြေးဆွဲပေးလျက်ရှိသည့် အထူးခရီးသည်တင်ယာဉ်လိုင်း ၄၆ လိုင်း၊ယာဉ်အစီးရေ ၈၀၄ စီးသည်ဂိတ်စ၊ ဂိတ်ဆုံးပြေးဆွဲရာတွင် ယာဉ်စီးခ ကျပ် ၂၀၀ ကောက်ခံရန် တရားဝင်ခွင့်ပြုထားပြီး ရိုးရိုးယာဉ်လိုင်းများအား သတ်မှတ်ထားသည့် မှတ်တိုင်အလိုက်ခရီးစဉ်တစ်ပိုင်းလျှင်ကျပ်၅၀ သာ ကောက်ခံရန် သတ်မှတ်ထားရှိကြောင်း သိရသည်။ **(ကေသိန်းဆွေ)**

ဗီယက်နမ် အမျိုးသမီးတစ်ဦးထံမှ ခိုးယူခဲ့သည့်ပစ္စည်း ပိုင်ရှင်ထံပေးအပ်

မော်လမြိုင် ဇန်နဝါရီ ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးစေတီတော် မှန်လုံခန်းတွင် ဘုရားဖူးနေသည့် ဗီယက်နမ်နိုင်ငံသူ အမျိုးသမီးတစ်ဦးထံမှ ပတ်စ်ပို့ အမှတ် (B-8650335)၊ အမေရိကန်ဒေါ်လာ၊ မြန်မာငွေကျပ်၊ ဗီယက်နမ်ဒေါင်ငွေ ရောရာ ၁၇၃၀၅၀၀ ကျပ်ကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီက အခိုးခံရကြောင်း ဘုရားရင်ပြင်တွင် တာဝန်ကျနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြောင်းကြားတိုင်ကြားခဲ့သည်။

ဘုရားဖူးညွှန့်သည် ဗီယက်နမ်နိုင်ငံသူ မစ္စ နုရီဆီဒန်း အသက် (၅၇)နှစ်နှင့် စကားပြန် ဒေါ်မေနွယ်ဝင်း (၆၈) နှစ်တို့၏ ကျိုက်ထီးရိုးစေတီရင်ပြင်တော် ဆီမီး ၉၀၀၀ ဓမ္မာရုံရှေ့၌ အဝါဖျော့ရောင်အိတ်အတွင်းမှ ပျောက်ဆုံးသွားခဲ့သောငွေသားတန်ဖိုး ၁၇ သိန်းကျော်ကို ကျိုက်ထီးရိုးစေတီရင်ပြင်ပေါ်တွင် တပ်ဆင်ထားသည့် စီစီတီဗွီမှတ်တမ်းအရ ရင်ပြင်တော်တွင်တာဝန်ထမ်းဆောင်နေသော ရဲအုပ်ကျော်မြင့်နှင့်အဖွဲ့က ကြပ်မတ်စစ်ဆေးရာ ပျောက်ဆုံးသွားသည့်ပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပိတောက်လမ်း (၁၀) ရပ်ကွက်နေ သက်ပိုင်ထူး (၂၀)နှစ်ထံမှ ပြန်လည်သိမ်းဆည်းရမိသည်။

ပြန်လည်သိမ်းဆည်းရမိခဲ့သည့် ပတ်စ်ပို့အပါအဝင် ငွေသားတန်ဖိုး ၁၇ သိန်းကျော်ကို ပိုင်ရှင်ထံပြန်လည်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျိုက်ထီးရိုးစေတီရင်ပြင်တော် နယ်မြေရဲစခန်း၌ ကျင်းပရာ ရင်ပြင်တော် နယ်မြေရဲစခန်း ရဲအုပ်ကျော်မြင့်က ဗီယက်နမ်နိုင်ငံသူ မစ္စ နုရီဆီဒန်းထံ ပြန်လည်ပေးအပ်ခဲ့ပြီး **(အောက်ပုံ)** ဗီယက်နမ်နိုင်ငံသူ မစ္စ နုရီဆီဒန်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအားအထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် တန်ခိုးကြီးဘုရားများသို့ နေ့စဉ်ဝင်ထွက်နေသော နိုင်ငံခြားသားပေါင်းစုံကို အထူးကြပ်မတ်ကူညီစောင့်ရှောက်ကြရန် မော်လမြိုင်ခရိုင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးများသို့ ညွှန်ကြားထားကြောင်း သိရသည်။ **(ကျော်သန်း-မော်လမြိုင်)**

တရားမဝင်နွားများသယ်ဆောင်လာသူအား ဖမ်းဆီးရမိ

ရွှေဘို ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မူးဘောင်လမ်း တောင်တင်းရွာထိပ်၌ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့ဝင်များက တရားမဝင်နွားများနှင့် သယ်ဆောင်လာသူများအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေယုမောင်၊ နယ်ထိန်းတပ်ကြပ်ကြီး ကျော်ကျော်နှင့်အဖွဲ့၊ ရွှေဘိုခရိုင် အထူးမှုခင်းနှိမ်နင်းရေးမှ တပ်ကြပ်ကျော်စိုးဝင်းတို့သည် သတင်းအရ သက်သေများနှင့်အတူ တောင်တင်းကျေးရွာထိပ်မှ စောင့်ဆိုင်းနေစဉ် လှည်းယဉ်နှစ်စီးနှင့်တကွ တရားမဝင်နွား ၁၁ ကောင် သယ်ဆောင်လာသော ဦးဌေးဝင်းဦး ဆိပ်သာကျေးရွာ အင်းတော်မြို့၊ ဦးကျော်မောင်လွင် နားခါရွာ အင်းတော်မြို့၊ ဦးသိန်းဌေး တောင်ကြားရွာ စစ်ကိုင်းမြို့၊ ဦးဖိုးသောင်း ဆည်ရွာ အင်းတော်မြို့တို့ လေးဦးအား ဖမ်းဆီးရမိခဲ့ပြီး လှည်းယဉ်နှစ်စီးနှင့်နွား ၁၁ ကောင် (ကာလတန်ဖိုး ငွေကျပ် ၂၁၀၀၀၀၀ ကျော်)ကို သက်သေခံအဖြစ်သိမ်းဆည်းကာ ရွှေဘိုမြို့မရဲစခန်းက (ပ)၄၇/၂၀၁၄၊ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ (၅)အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဘုန်းညို(ရွှေဘို)

တောင်ငူမြို့ရိုးဟောင်းပေါ်မှ ဖဲဝိုင်းအားဖမ်းဆီး

တောင်ငူ ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂) နယ်မြေစခန်းပိုင် (၁၂) ရပ်ကွက် မြို့ရိုးဟောင်းပေါ်တွင် ဖဲကစားနေကြောင်း သတင်းအရ ဇန်နဝါရီ ၂၅ ရက် ညနေ ၅ နာရီခန့်က ဒုရဲအုပ် သန်းထိုက်ထွေးခေါင်းဆောင်သော နယ်ထိန်းအဖွဲ့သည် သက်သေများနှင့်အတူ ဖမ်းဆီးခဲ့ရာ မြို့ရိုးဟောင်းပေါ်တွင် (၁၂)ရပ်ကွက် ဦးမွဲ့လမ်းနေ ဉာဏ်လင်းအောင်၊ သိန်းဇော်ဦး၊ တင်ဝင်းနှင့် ရာဇာအောင်တို့လေးဦးသည် ဖဲရိုက်လောင်းကစားပြုလုပ်နေစဉ် ၎င်းတို့ထံမှ A AA တံဆိပ်ဖဲချပ် ၅၂ ချပ်၊ လောင်းကြေးငွေရောရာ ကျပ် ၁၈၈၅၀ တို့နှင့်အတူ ဖမ်းဆီးရမိပြီး တောင်ငူအမှတ် (၂) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၄၇၂)

နယ်မြေလှည့်ကင်းတာဝန်ထမ်းဆောင်စဉ် မသင်္ကာ၍ စစ်ဆေးရာ ခိုးမှုပေါ်

သန်လျင် ဇန်နဝါရီ ၃၀

သန်လျင်မြို့မစခန်းမှ တာဝန်မှူးနှင့်အဖွဲ့သည် နယ်မြေလှည့်ကင်းတာဝန်ဆောင်ရွက်စဉ် ဇန်နဝါရီ ၂၁ ရက်က မြို့ဟောင်းအနောက်ရပ်ကွက် စတားစီးတီးအိမ်ရာဝင်းအနီးတွင် လူသုံးဦးမှာ အထုပ်နှစ်ထုပ်ကို တစ်ယောက်တစ်လှည့်စီ ထမ်းလာသည်ကို တွေ့ရ၍ စစ်ဆေးရာ သက်ပိုင် (၁၉)နှစ် မြို့ဟောင်းအရှေ့ရပ်ကွက်နေသူနှင့် မြင့်နိုင် (၂၀)နှစ် မြို့ဟောင်းအနောက်ရပ်ကွက်နေသူတို့ဖြစ်ပြီး တစ်ဦးမှာ ထွက်ပြေးသွားပြီး ၎င်းတို့ထမ်းလာသောအိတ်ကို သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ 4MM ဆိုဒ် စင်ကယ်ဝါယာကြိုးခွေ လေးခွေ၊ ၂ ဒသမ ၅၅ MM ဆိုဒ် စင်ကယ်ဝါယာကြိုးခွေ ၁၈ ခွေ၊ လျှပ်စစ်ဖောက်စက်တစ်စုံ၊ အသုံးပြုပြီးသော အရှည်ပေ ၁၀၀ ခန့်ရှိ မီးကြိုးခွေ တစ်ခွေ၊ ပေ ၁၀၀ ခန့်ရှိ ဝါယာကြိုးခွေ တစ်ခွေတို့ကို တွေ့ရှိရ၍ မေးမြန်းစစ်ဆေးရာ ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် သက်သေခံပစ္စည်းများအား ရှာဖွေပုံစံဖြင့် သိမ်းဆည်း၍ သန်လျင်မြို့မ ရဲစခန်းက (ပ) ပြစ်မှုပုဒ်မ ၃၈၀/၅၄ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သန်လျင်-ဖြိုးမင်းလတ်)





မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော်၊ ဇန်နဝါရီ ၃၀

မူးယစ်ဆေးဝါးမှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း လုပ်ငန်းစဉ်များအရ ကိုရီးယားသမ္မတနိုင်ငံ၏ တတ်ကျွမ်းမှုပညာ ပံ့ပိုးရေးလုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံအတွေ့အကြုံများဖလှယ်၍ ပြည်သူလူထုအား မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်က နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သိကောင်းစရာများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို ဆွေးနွေးခဲ့ကြသည်။

မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဌာနမှူး (တားဆီး) ရဲမှူးကြီးမြင့်ဦး၊ ဌာနမှူး (အုပ်ချုပ်)ရဲမှူးကြီးတင်အောင်၊ ဒက္ခိဏ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနား ခုတင် ၂၀၀ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ လှလှကြည်၊ ကိုရီးယားသမ္မတနိုင်ငံမှ စီမံကိန်း ညှိနှိုင်းရေးမှူး Mr. Jeong Hyun Keun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး လူထုလူတန်းစား အလွှာပေါင်းစုံမှ စုစုပေါင်း ၃၂၀ ဦးတို့ တက်ရောက်ခဲ့သည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားကာ ရဲမှူး မြင့်ထူးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဌာနမှူးကပညာပေးဟောပြော ပွဲကျင်းပရခြင်းကိုလည်းကောင်း၊ ရဲမှူး ဇော်မင်းဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများကို လည်းကောင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာ လှလှကြည်က မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်လာပုံကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေကြားခဲ့ကြောင်း သိရှိရသည်။

ရဲပြန်ကြား

ဆိပ်ကမ်းများသို့ စစ်ဆေးရေးအဖွဲ့များ ပုံမှန်စစ်ဆေးနေ

ရန်ကုန်၊ ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းနယ်မြေများဖြစ်သော ဝါတန်း ၆ နှင့် ကိုင်းတန်း ၁ ဆိပ်ခံဇောတံတားတို့တွင် မြိတ်-ရန်ကုန်ပြေးဆွဲနေသော သင်္ဘောများအား Mobile Team အဖွဲ့များမှ တက်ရောက် စစ်ဆေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်၊ ပုလောနှင့် ကျွန်းစုမြို့နယ် ဒေသထွက်ပစ္စည်းများ ဖြစ်သော ကွမ်းသီး ၁၃၇၇ အိတ်နှင့် ငါးမှုန့် အိတ် ၈၄၅၁ အိတ်အပြင် အခြားဒေသထွက်ကုန်ပစ္စည်းများ ပါရှိကြောင်း သိရသည်။

၎င်းသင်္ဘောများပေါ်သို့ ဆိပ်ကမ်းနယ်မြေတာဝန်ကျ Mobile Team အဖွဲ့များမှ တက်ရောက်စစ်ဆေးခဲ့ပြီး ကွမ်းသီးတစ်ပိဿာ ဒေသဝယ်ဈေး ၂၄၀၀ ကျပ်နှင့် ရန်ကုန်အရောက် ရောင်းဈေး ၂၆၀၀ ကျပ် ဖြစ်ကြောင်း သိရှိရပြီး ငါးမှုန့်များကိုလည်း မွေးမြူရေးလုပ်ငန်းရှင်များသို့ ရောင်းချမည်ဖြစ်ပြီး ငါးမှုန့်တစ်အိတ်လျှင် ကီလို ၅၀ ပါရှိကြောင်း သိရသည်။

ကျော်မြင့်အေး (ပြန်/ဆက်)

နိုင်ငံခြားခရီးသည်များ၏အခက်အခဲများကို နေ့ချင်းပြီး ကူညီပေးနိုင်ခဲ့

ရန်ကုန်၊ ဇန်နဝါရီ ၃၀

ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ ပြည်ပခရီးသည်များ လာရောက်ဖူးမြော်လေ့လာစဉ် ကြုံတွေ့ခဲ့ရသော အခက်အခဲများကို အကူအညီတောင်းခံခဲ့ရာ ဝန်ဆောင်မှု လေးခုကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့က ဘုရားဂေါပက လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်း၍ နေ့ချင်းပြီး ကူညီ ဖြေရှင်းနိုင်ခဲ့ကြောင်း သိရသည်။

"လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်မှာ ဒါတွေလုပ်ဖို့ပါပြီးသားပါ။ ဒီနေရာမှ မဟုတ်ပါဘူး။ တပ်ဖွဲ့ဝင်တွေက ကျရာနေရာတွင်လည်း ဆောင်ရွက်ပေးနေပါတယ်။ ဘုရားပေါ်မှာ နိုင်ငံခြားသားတွေဖြစ်တဲ့ မှုခင်းမရှိပေမယ့် သွားရင်းလာရင်း ပစ္စည်းကျကျန်ခဲ့တာ၊ ပျောက်တာတွေတော့ ရှိပါတယ်" ဟု ရွှေတိဂုံစေတီတွင်တာဝန်ကျသော ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင်က ပြောသည်။

နေ့ချင်းပြီး ကူညီပေးနိုင်ခဲ့သောဖြစ်စဉ် လေးခုမှာ ယခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ၁၃ နှစ်အရွယ် ထိုင်ဝမ်နိုင်ငံသား ကလေးငယ်(ကျား) တစ်ဦး ဘုရားရင်ပြင်၌ မိသားစုနှင့် လူစုကွဲခြင်းကို ဖခင်ဖြစ်သူသို့ ပြန်လည်အပ်နှံပေးနိုင်မှု၊ ဇန်နဝါရီ ၂၄ ရက်တွင် ရရှိသော Samsung ကင်မရာတစ်လုံးကို ထိုင်းနိုင်ငံသား တစ်ဦးအား ပြန်လည် အပ်နှံပေးနိုင်မှု၊ ဇန်နဝါရီ ၂၅ ရက်တွင် တောင်ဘက်ဓာတ်လှေကားအနီး အနက်ရောင် Samsung ကင်မရာတစ်လုံးကို အမေရိကန်နိုင်ငံသူတစ်ဦးအား ပြန်လည်အပ်နှံပေးနိုင်မှုနှင့် ဇန်နဝါရီ ၂၈ ရက်တွင် တွေ့ရှိရသော အမေရိကန်ဒေါ်လာအချို့နှင့် ထိုင်းဘတ်ငွေ အချို့ကိုပိုင်ရှင်ဖြစ်သူ ရုရှားလူမျိုး တစ်ဦးအား ပြန်လည်အပ်နှံပေးနိုင်မှုတို့ဖြစ်ကြောင်း သိရသည်။

> ဒီလိုဝန်ဆောင်မှုမျိုး နေရာတိုင်းမှာ ရှိစေချင်သလို ဒီထက်လည်း . . .

"ဒီလိုဝန်ဆောင်မှုမျိုးကို နေရာတိုင်းမှာ ရှိစေချင်သလို ဒီထက်လည်း ပိုတိုးချဲ့သင့်ပါတယ်။ ဧည့်သည်တွေအတွက် ယုံကြည်မှု ပိုရရှိစေသလို နိုင်ငံရဲ့ပုံရိပ်ကိုလည်း တက်စေပါတယ်" ဟု မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးနောင်းနောင်းဟန်က ပြောသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နေ့စဉ် ပြည်ပခရီးသည် ပျမ်းမျှ ၁၈၀၀ ကျော် ဝင်ရောက်လျက်ရှိပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင် ၁၀ ဦးက လုံခြုံရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စိုးအောင်ဖေ

သတင်းတိုများ

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ နောင်နန်း–ဂျော်ဘွမ် လမ်းပြုပြင်ရန်အတွက် ကတ္တရာစေးပေးအပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့က မြစ်ကြီးနားမြို့နယ်၊ နောင်နန်း-ဂျော်ဘွမ် လမ်းပြုပြင်ရန် ကတ္တရာစေး ၁၀၅ လုံးကို လှူဒါန်းသည့် အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တတ်ရောက်ခဲ့ကြသည်။

ပြည်နယ် ပြန်/ဆက်

ခရီးသည်တင်ယာဉ်ပေါ်တွင်ဆေးခြောက်များ ဖမ်းဆီးရမိ

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီခွဲတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့၊ ရဲအကူတပ်ဖွဲ့ခွဲမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သံလွင်တံတားစစ်ဆေးရေးဂိတ်၌ ယာဉ်များအားစစ်ဆေးနေစဉ် ဘားအံ-ရန်ကုန် "ပွင့်သစ်စရတနာ" ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ကမမောင်းမြို့နယ်ခွဲ၊ ဘုရားကုန်းရွာနေ မောင်ဦး (၃၂) နှစ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ စံပယ်ကုန်းတိုက်နယ်၊ စကားလုံးကုန်းကျေးရွာနေ ဝင်းကို ၃၆ နှစ်တို့၏ ခရီးဆောင်အိတ်များအတွင်းမှ ဆေးခြောက် ၂၀ဒသမ ၉ ကီလို၊ တန်ဖိုးငွေကျပ် ၁၆ ဒသမ ၇၂ သိန်း၊ ငွေကျပ် ၂၁၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ထိုသို့သိမ်းဆည်းရမိသဖြင့် မောင်ဦးနှင့်ဝင်းကိုတို့ နှစ်ဦးအား ဘားအံမြို့မရဲစခန်း မယ(ပ) ၆/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီ မိနစ် ၃၀ က အမှတ် (၂၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ကျိုင်းတုံ) မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာအုပ်စု၊ နောင်ထပ်ရွာနေ မမာလာဝင်း (၂၀) နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာတွင် မမာလာဝင်း ဝတ်ဆင်ထားသည့် အင်္ကျီအတွင်းမှ WY ပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား (၄၈) ပြား၊ နေအိမ်ခြံဝင်းအတွင်းမှ WY စာတမ်းပါလိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား (၁၂၀၀) ပြား၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၂ သိန်းနှင့် နေအိမ်အတွင်းမှ ငွေကျပ် ၅ ဒသမ ၈၅ သိန်းတို့အား သိမ်းဆည်းရမိခဲ့သဖြင့် မမာလာဝင်းအား ကျိုင်းတုံမြို့မရဲစခန်း မယ(ပ)၃/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်း လဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့
အခြေခံအမျိုးသမီးဝတ်စုံစက်ချုပ်သင်တန်း(၁/၂၀၁၄)
ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	- ၁၇-၂-၂၀၁၄ ရက်
သင်တန်းဖွင့်လှစ်မည့်နေရာ	- အမှတ်(၅)၊ သာလွှာဝတီလမ်း၊ (၇)မိုင်၊ ပုလင်းဖုံးစက်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်။
သင်တန်းအချိန်	- နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၂း၀၀ နာရီထိ တနင်္လာ မှ သောကြာ
သင်တန်းကာလ	- (၂)လ
လျှောက်လွှာစတင်ရောင်းချမည့်ရက်	- ၂၉-၁-၂၀၁၄ ရက်
လျှောက်လွှာတင်ရန်နောက်ဆုံးရက်	- ၁၄-၂-၂၀၁၄ ရက်
လျှောက်လွှာတင်ရမည့်နေရာ	- အမှတ်(၅)၊ သာလွှာဝတီလမ်း၊ (၇)မိုင်၊ ပုလင်းဖုံးစက်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်။
ဆက်သွယ်ရန်ဖုန်း	- ၃၇၉၂၃၁၊ ၀၉-၅၀၁၄၃၁၉

Sport Shirt, T-Shirt Wholesales
Open Now GM999
Tel : (+951)-544576 , 09-420085858
No.18(A), Kyaikkasan Rd.,Maougone Qtr, Tamwe Township, Yangon, Myanmar.

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ရှိ သတ်တမ်းလွန်ယာဉ်များနှင့် သံရည်ပျက်တုံးများ ဖြတ်တောက်ရန် အောက်ဖော်ပြပါ တင်ဒါ(၂)ခုအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

(က) သက်တမ်းလွန်ယာဉ်များဖြတ်တောက်ခြင်း (၅၀၀၀)တန်
(ခ) သံရည်ပျက်တုံးများဖြတ်တောက်ခြင်း (၅၀၀၀)တန်

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၃၁-၁-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၂-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅

ခင် ဇာဘော်လီ
စိတ်တိုင်းကျ၍ စိတ်ချမ်းသာစေရပါမည်။
မိတ်ဟောင်း၊ မိတ်သစ်များအား ကျေးဇူးအထူးတင်ပါသည်။
ပင်ရင်း အမှတ်(၅၄)၊ နီဗွာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ဖုန်း ၀၁-၅၁၇၀၉၂၊ ၀၉-၇၃၁၂၇၁၉

ဦးကိုရင်ဦးစီးဆောင်သော
ဓောင်း ရွှေ မိုး ..ရွှေစက်တော်ပွင့်ပွဲသို့
ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန်၊ ပြည် (၄)ရက်
အစလောင်းစေတီကာသသပ၊ စစ်ကိုင်း၊ မုံရွာ၊ ဘုရားစုံဖူး (၄)ရက် ၄၅၀၀၀ိ/-
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ တွယ်တော်(၄)ဆူ၊ ပခုက္ကူ၊သီဟိုဠ်ရှင်၊ (၄)ရက်၊ ၄၅၀၀၀ိ/-
ရွှေစက်တော်၊ အစလောင်းစေတီကာသသပ၊စစ်ကိုင်း၊ မုံရွာ၊ ဘုရားစုံဖူး (၅)ရက်၊ ၅၅၀၀၀ိ/-
သာသောကမှတ်တိုင်အနီး၊ သမိန်ဗရမ်းလမ်းမကြီး။ 09 448004288 , 09 448004289

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၄၅၀ ၊ ဧရိယာ (၄၀ ပေ × ၆၀ ပေ) ၊ (၀.၀၅၅) ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်-၄၅၀ ၊ ကန်ညီနောင်လမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟုခေါ် တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းညွန့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သဲစုဝေမြင့်
LL.B., D.B.L., D.M.L., D.I.L., B.D.S (MOFA)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၉၉)
၃၈/၄၃၃၊ ကန်ညီနောင်လမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၉၃၅၇၈ ၊ ၀၉ ၅၃၀၁၉၂၀၆

ကဝမြို့နယ်ရှိ အောင်မင်္ဂလာကျေးရွာစာသင်ကျောင်း ပျက်စီးနေခြင်းကြောင့် ကျောင်းသားများ အခက်အခဲရှိ

ကဝ၊ ဇန်ဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အောင်မင်္ဂလာကျေးရွာရှိ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်မှာ စာသင်ကျောင်း အခက်အခဲကြောင့် ပညာသင်ကြားမှု အခက်အခဲဖြစ်နေကြောင်း ဒေသခံ ကျောင်းသားမိဘများက ပြောကြားသည်။

အဆိုပါ အောင်မင်္ဂလာကျေးရွာရှိ အခြေခံပညာမူလတန်း ကျောင်းမှာ အကာအရံနှင့် အခင်းများ ပျက်ဆီးယိုယွင်းမှုအား ပြန်လည် ပြင်ဆင်ရန်ကြာမြင့် နေခြင်းကြောင့် ယင်းကဲ့သို့ အခက်အခဲဖြစ်နေရကြောင်း ၎င်းတို့က ပြောသည်။

အဆိုပါကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/သူ တစ်ရာကျော်မှာ ကျေးရွာ ဘုန်းကြီးကျောင်း အောက်ထပ်တွင် စာသင်ခုံ အနိမ့်လေးများဖြင့် မလောက်မငှဖြင့် ပညာသင်ကြားနေရကြောင်း သိရသည်။

အဆိုပါ ကျောင်းမှ ကျောင်းသားမိဘတစ်ဦးက "ကလေးတွေက ဘုန်းကြီးကျောင်း အောက်ထပ် မြေကြီးပေါ်မှာ ပိန်အိတ်ခွံတွေ ခင်းပြီး စာသင်နေရတော့ ကလေးတွေ အအေးဓာတ်ကြောင့် မကြာခဏ ကျန်းမာရေးထိခိုက်ပြီး ဖျား နာနေကြရပါတယ်။ ကျွန်တော်တို့ ကလေးတွေအတွက် စိတ်အေးချမ်းအောင် ဘယ်တော့များ မှ ဒီစာသင်ကျောင်းကို ပြုပြင်ပေးကြမှာလဲ မသိဘူး၊ ကူညီနိုင်ရင် ကူညီကြပါဦး"ဟု ၎င်းကပြောကြားသည်။

အောင်မင်္ဂလာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား တွေ့ရစဉ်။

ထို့ပြင် ကျောင်း၏သင်ကြားရေးပိုင်းတွင်လည်း ဆရာ၊ဆရာမ ဦးရေမှာ ကျောင်းရှိကလေးများနှင့်မမျှတနေခြင်းကြောင့် အဆိုပါ လိုအပ်ချက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဖြည့်ဆည်းပေးစေချင်ကြောင်း ယင်းဒေသမှ ကျောင်းသားမိဘများက ပြောသည်။**မင်းသစ္စာ(ပဲခူး)**

လှိုင်သာယာတွင် ဓားထိုးဒဏ်ရာများဖြင့် လူသေအလောင်းတွေ့ရှိ

လှိုင်သာယာ၊ ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၅၃၂)တပ်ရင်းဘေး ပန်းလှိုင်ဂေါက်ကွင်းလမ်း (ပိုလိုပေါင်မုန့်) စက်ရုံအရှေ့ဘက် ကားလမ်းမဘေး၏ ရေမြောင်းအတွင်း၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၆ နာရီခွဲက လူသေအလောင်းတစ် လောင်းတွေ့ရှိခဲ့၍မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာသေဆုံးသူမှာ ဦးမြင့်ထွေး(ဘ) ဦးတင်အောင် အသက်(၅၈)နှစ် ပိတောက်လမ်းရှိ ဦးတရုတ်ကြီး၏ အဆောင် ညောင်ကျေးရွာတွင် နေထိုင်သူဖြစ်ပြီး ၎င်း၏ ဝဲဘက်ရင်အုံတွင် ထိုးသွင်းဒဏ် ရာနှစ် ချက်၊ ဝဲဘက်လည်ပင်းတွင်ထိုးသွင်းဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေကြောင်းတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်မှာ ညောင်ကျေးရွာတွင်နေထိုင်သော ဦးညွန့်ရွှေသည် ပန်းလှိုင်ဂေါက်ကွင်းလမ်းအတိုင်း နံနက်၆ နာရီခွဲခန့်က လမ်းလျှောက် ထွက်လာစဉ် အမည်မသိအမျိုးသား တစ်ဦးလဲကျသေဆုံးသည်ကို တွေ့ရှိရသောကြောင့် ညောင်ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ သတင်းပေးပို့ခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ လှိုင်သာယာ(မြို့မ)ရဲစခန်းက (ပ)၁၁၀/၁၄၊ ပြစ်မှုပုဒ်မ(၃၀၂)အရအမှုဖွင့်လှစ်ပြီးတရားခံ ဖမ်းဆီးရမိရေးအတွက်စုံစမ်းဆောင်ရွက်နေကြောင်း သိရသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

သတင်းတို

အရက်မူးပြီးလှည်းမောင်းသူ လှည်းကြိတ်မိ၍သေဆုံး

အရက်မူးကာ ကြံတင်လှည်းမောင်းနှင်လာသူတစ်ဦးလှည်းပေါ်မှလိမ့်ကျပြီး ကိုယ့်လှည်းနှင့်ကိုယ် ကြိတ်မိ ၍သေဆုံးခဲ့မှုတစ်ခု ဇန်နဝါရီ ၂၄ရက် ညနေ ၄နာရီခွဲခန့်က ရေတာရှည်မြို့နယ်၊ ဆွာမင်း လမ်းအုပ်စု၊ ကြာအင်းရွာအနီး၌ ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာကုန်းကြီးအုပ်စု၊ ကြို့ပင်ထိုက်ကျေးရွာနေ ကိုစိန်ဝင်း(၄၄)နှစ်(ဘ)ဦးစံမြသည်အခြားသော ကြံလှည်းများနှင့်အတူ ရှေ့ဆုံးကမောင်းနှင်လာစဉ် ကြာအင်းကျေးရွာ အနောက်တောင်ဘက်ယာခင်းအထွက်တွင် လမ်းဆင်းလယ်ကန်သင်းကို ဖြတ်တက်ရာက အရှိန်လွန်ပြုတ်ကျခဲ့ပြီး ဝဲဘက်လှည်းဘီးနှင့် လည်ပင်းကိုဖြတ်မိ၍ သေဆုံးသွားခဲ့သည်။ **ကိုလွင်(ဆွာ)**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ လမ်းများအဆင့်မြှင့်ဆောင်ရွက်ခြင်းကြောင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းရ

ရမည်းသင်း၊ ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်း မြို့နယ်အတွင်းတွင် ရမည်းသင်း- မြို့ လှလမ်း၊ ရမည်းသင်း-ရွှေမြင်တင်လမ်း၊ ရမည်းသင်း-ရွာတန်းလမ်း အစရှိသောလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူ၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောက်ရွက်လျက်ရှိရာ ဒေသခံများ အလုပ်အကိုင်အခွင့်များ ပို၍ရရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းတွင် စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လိုအပ်သော လုပ်အားများအတွက် ပတ်ဝန်းကျင်ကျေးရွာများမှ အလုပ်သမားများ ကျောက်စီခြင်း၊ ကျောက်သယ်ခြင်း၊ ကန်ကားမြေ (ယိစာ)ဖြန့်ခင်းခြင်း အစရှိသော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်၍ ပုံမှန်ဝင်ငွေရရှိကြကြောင်း သိရသည်။

ယင်းလုပ်ငန်းခွင်တွင် အမျိုးသား၊ အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်ကြပြီး လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ နေ့တွက်တစ်ဦးလျှင် ၃၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ဝန်းကျင်ရရှိကြောင်း၊ အလုပ်ချိန်ကို တစ်ရက်တွင် နှစ်ကြိမ်ခွဲ၍ ထားရှိကြောင်း သိရသည်။

ယင်းလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြသော အလုပ်သမားများမှာ စိုက်ပျိုးရေး လုပ်ငန်းခွင် အားလပ်သော ရာသီဖြစ်၍ ဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် ပုံမှန်ဝင်ငွေရ၍ အဆင်ပြေကြသည်ဟု သိရသည်။

ယင်းဒေသရှိ စိုက်ပျိုးရေး လုပ်ငန်းခွင်များမှာ ပဲနုတ်ခြင်းလုပ်ငန်းစသည်များမှာလည်း ယခုအခါ ဝင်ငွေ ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ချောင်းသာ
၄၁း/ရောင်း 120'x80'(၁၆)ခန်းပါ
GUEST HOUSE ရေ၊ မီး၊ ဖုန်း၊ ဂရန်
ဖုန်း-၀၉-၅၁၆၂၉၄၁၊
၀၉-၄၂၀၂၄၄၈၃၊ ၀၁-၂၅၄၂၀၈

SHWE TAWIN
ကျိုက်ထီးရိုး/ချောင်းသာ
အလောင်းတော်ကဿပ
မန်းရွှေစက်တော်ဖွင့်ပွဲ
Hotel Guest Package
ကားစီးလုံးငှား စီစဉ်ပေးသည်
Ph: 09-254056279, 09-43136953

လူချွန်တို့ရဲ့ PGDMA
09731293358
အဆောင်ရှိ၊အင်္ဂလိပ်စာ၊ကွန်ပျူတာ၊အထွေထွေ K-27000 အနီးကပ် K-18000
၁၃၈၊၁၃၈-လမ်း၊မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတား။ 09-31693030,09-31860260

ဆရာချမ်းဇော်ထက် ၏ No. 5 February ထွက်ပြီ
EVER ENGLISH
မြန်မာ့ပထမဆုံး 5 Skills လစဉ်ထုတ်မဂ္ဂဇင်း
Audio ရော Video ပါ ကြည့်ရှုနားဆင်နိုင်သည့်
ဒီလိုမဂ္ဂဇင်းမျိုး ဒီတစ်အုပ်ပဲ ရှိသေးတာနော်
CD အပါ (၁၂၀၀) ကျပ် | ချမ်းဇော်ထက်စာပေ ၀၉၇၃၁၀၉၄၄၆

ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
အသီးဖျော်ရည်၊ ဂျယ်လီမာ/ပျော့၊ Jelly Candy၊ ကျွဲရှိုင်း၊ Aloe Vera အချိုရည်၊ ရေခဲမုန့်၊ ပူတင်း၊ အအေးဆိုင်ဖွင့်နည်း၊ ယိုမျိုးစုံ၊ တော်ဖီ၊ ငိုင်မျိုးစုံ၊ sauce၊ ကိတ်၊ ပေါင်မုန့်မျိုးစုံ နှင့် မုန့်ဖုတ်နည်းသင်တန်း
MASTER အရောင်းဆိုင် 01-248014 09-73181875 09-49306938

1	(31.1.14) မှ (5.2.14)	3	(6.2.14) မှ (11.2.14)
2	(3.2.14) မှ (8.2.14)	4	(9.2.14) မှ (14.2.14)

MASTER စားသောက်ကုန်သင်တန်း
အမှတ်(၁၁၂)၊ ၂၇-လမ်း(လယ်)ရန်ကုန်။ 01-251927,09-36224199,09-49222177

Yoga (ယောဂကျင့်စဉ်သင်တန်း)
နန်းဆုကေဆွမ် ကိုယ်တိုင်သင်ကြားပေးသည်။
သင်တန်းနေရာ -အမှတ်-၇၆၊ငုဝါလမ်း၊အလုံမြို့နယ်၊ဖုန်း - ၀၁ ၂၁၆၄၄၈၊ ၀၉ ၇၃၁၉၂၇၇၅။
****
NSKS Collection (Fashion Design by Nan Su Kay Swan)
အမျိုးသမီးဝတ်အင်္ကျီ၊အိတ်နှင့်ဖိနပ်များ၊နောက်ဆုံးပေါ်ဒီဇိုင်းအမျိုးမျိုး (Made in Thailand)
ပင်ရင်း- NSKS Collection
အမှတ်(76)၊ငုဝါလမ်း၊အလုံမြို့နယ်၊Tel: 01 216448, 09 73192775.
ဆိုင်ခွဲ-Mo Fashion
အမှတ်(2007)၊ပထမထပ်၊အရှေ့မျက်နှာစာ၊တော်ဝင်စင်တာ၊Tel: 09 425320769.

စိန်ငါးလုံး သူငယ်နာ လိမ်းဆေး
နှာရည်ယို နှာပိတ်ခြင်း၊ ကျောပူခေါင်းပူခြင်း၊ ခေါင်းချွေးထွက်ခြင်း၊ အိပ်ယာပူလောင်ခြင်း၊ ကိုယ်ပူကြီး၍ တက်ခြင်း နှင့် ဆံပင်ပါးခြင်း တို့အတွက် စိန်ငါးလုံး သူငယ်နာလိမ်းဆေး ကို လိမ်းပါ။
စိန်ငါးလုံး ဆေးတိုက် - အမှတ်-ဆ-၁၀၁၊ ခေမာသီ(၄)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၅၅၇၅၂

ဦးသန်းလွင်(ခ)ဦးဝင်းကြင် + ဒေါ်သန်းသန်းမြင့်
မူလပထမ တီမီ (1)
ကြိုတင်စာရင်းသွင်းပါရန်။
ကားမောင်း၊ စက်ပြင်သင်တန်း
* မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ ☎:01-706862,09-73047755,09-73322177, 09-73235757,01-8011255,01-8011266,01-8011277,01-8011267
* သိမ်ဖြူကားကက်ဆက်တန်း။ ☎:01-201188,09-73047744,09-73047766
* (218)ကျိုက္ကဆံလမ်း၊ကျောက်မြောင်းဈေးမှတ်တိုင်။ ☎:01-549764, 01-545155
* အမှတ်(3-F)၊ ကန်တော်မွန်အိမ်ရာ၊ သယ်န်းကျွန်း။ ☎:01-573986, 01-573988

ရွှေနန်းတော်
အဆင့်မြင့်မိုးထည်၊ ချည်ထည်တိုက်
မန္တလေး၊ နေပြည်တော်၊ ရန်ကုန်တို့တွင် ဆိုင်ခွဲများ ဖွင့်လှစ်လိုက်ပါပြီ
ဘွဲ့ယူဖို့၊ မင်္ဂလာဆောင်ဖို့၊ ဂါရဝပြုဖို့ဆိုရင်
ကွန်ပျူတာပန်းထိုးများကို ၁၅%ထိ အထူးလျှော့ဈေး
ကျပ်(၁၀၀၀၀၀)နှင့်အထက် ဝယ်ယူသူတိုင်းအတွက်
(၂၁၀၀၀)တန် ခိုတ်လုံချည်(သို့)ချည်စက်ထိုးဝမ်းဆက် လက်ဆောင်
ကျပ်(၆၉၀၀၀)နှင့်အထက် ဝယ်ယူသူတိုင်းအတွက်
(၁၃၀၀၀)တန် ရွှေရေးဝမ်းဆက်(သို့)ချည်စက်ထိုး လက်ဆောင်

နိုင်ငံတကာမီဒီယာဆွေးနွေးပွဲအတွက် သတင်းထောက်များစာရင်းပေးသွင်းနိုင်

ရန်ကုန်၊ ဇန်နဝါရီ ၃၀

နိုင်ငံပေါင်း ၂၅ နိုင်ငံမှ သတင်းထောက်ရာနှင့်ချီ တက်ရောက်မည်ဟု မျှော်မှန်းထားသော စာနယ်ဇင်း လွတ်လပ်ခွင့်အတွက် စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် အာရှနှင့် အမေရိကန် East-West Center နိုင်ငံတကာ မီဒီယာ ဆွေးနွေးပွဲအတွက် ပြည်တွင်း သတင်းထောက်များ တတ်ရောက်စာရင်းပေးသွင်းနိုင်ရန် အထူးနှုန်းထားများ သတ်မှတ်ထားပြီး ဆွေးနွေးပွဲ တတ်ရောက်ခွင့် ထောက်ပံ့ကြေးများကိုလည်း ကန့်သတ်မှုများရှိကြောင်း ယင်းစင်တာ ထုတ်ပြန်ချက်အရသိရသည်။

အဆိုပါ ဆွေးနွေးပွဲကို မတ်လ ၁၀ ရက်မှ ၁၂ ရက်အထိ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲ တက်ရောက်ခွင့် ထောက်ပံ့ကြေးများအတွက် တင်သွင်းလာသည့် လျှောက်လွှာများကို စိစစ်ရွေးချယ်ပြီး အပြည့်အဝ ထောက်ပံ့ကြေးကို အယောက် ၃၀ ကျော်အား ပေးအပ်သွားမည်ဖြစ်သည်။

> စိစစ်ရွေးချယ်ပြီး အပြည့်အဝ ထောက်ပံ့ကြေးကို အယောက် ၃၀ ကျော်ပေးအပ် . . .

ယင်းဆွေးနွေးပွဲတွင် သတင်းနှင့် မီဒီယာကိစ္စရပ်များအတွက် အရေးပါသောဆွေးနွေးပွဲများ၊ သတင်းထောက်များ၏ လုပ်ငန်းကျွမ်းကျင်မှု စွမ်းရည်များ တိုးတက်လာစေရန် မီဒီယာ အလုပ်ရုံဆွေးနွေးပွဲပေါင်းများစွာ ပါဝင်မည်ဖြစ်သည်။

ပြည်တွင်း သတင်းထောက်များ အနေဖြင့် အာရှဒေသ၊ ပစိဖိတ်ဒေသနှင့် အမေရိကန်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ပြီး သတင်းထောက်များအတွက် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်ဘာသာပြန်ပေးမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဟောပြောမည့် အကြောင်းအရာများနှင့် အလုပ်ရုံဆွေးနွေးပွဲများအကြောင်း သတင်းအချက်အလက်များကို www.east-westcenter.org/imc2014 တွင် လေ့လာနိုင်ပြီး ကျင်းပမည့်အစီအစဉ်အချိန်ဇယားကို ဖေဖော်ဝါရီလဆန်းပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်သည်။

ပြည်တွင်းစာနယ်ဇင်း သတင်းထောက်များအတွက် မှတ်ပုံတင်စာရင်းသွင်း ရန်နှုန်းထား များမှ မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် အစီအစဉ်များအတွက် အမေရိကန်ဒေါ်လာ ၁၀၀၊ မတ် ၁၀ ရက်မှ ၁၁ ရက်တွင် ကျင်းပမည့် အစီအစဉ်များအတွက် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၄၀၊ မတ် ၁၂ ရက်နေ့တစ်ဝက်အတွက် အမေရိကန်ဒေါ်လာ ၂၀၊ မတ် ၁၀ ရက်အတွက် အမေရိကန်ဒေါ်လာ ၃၀ စသည်တို့ဖြစ်ပြီး TODAY Ogilvy & Mather အမှတ် ၂၁၊ အောင်မြေသာစည်လမ်း၊ ဆင်ရေတွင်း အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၅၁၃၆၄၃၊ အီးမေးလ် - chawsu.mon@todayogilvy.com သို့ ဆက်သွယ်နိုင်သည်။

စင်ထရွှယ်ဟိုတယ်၌ ကျင်းပသော ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းနှစ်ခု GE Oil & Gas နှင့် Smart Technical Services တို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လက်မှတ်ရေးထိုးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ကြီးချုပ် ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

ကြေးမုံ

မြေလတ် သတင်းတို

ထမင်းချက်ရာမှ မီးလောင်မှုဖြစ်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ ကုက္ကိုခွအုပ်စု၊ မုံကန်ကျေးရွာနေ ဦးသန်းကျွဲ ၃၅နှစ်၏ မြေစိုက်သုံးပင်တဲနေအိမ်တွင် ထမင်းချက်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ မီးလောင်ကျွမ်းမှုအား ရွာသား/သူများမှ ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့ပြီး စုစုပေါင်းနေအိမ် ၁၄လုံးနှင့် တန်ဖိုးငွေကျပ် ၄၅၄၀၀၀ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူကို အမှုဖွင့်အရေးယူထားသည်။ **(ရဲပြန်ကြား)**

အရှိန်မထိန်းနိုင်၍ ယာဉ်တိမ်းမှောက်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်-သာဂရ ကားလမ်းအနီးတွင် ဆင်ပေါင်ဝဲမြို့နယ်၊ နားပွဲရွာနေ မင်းမင်း ၃၀ နှစ် မောင်းနှင်လာသည့် ကင်တာ အဖြူရောင်ယာဉ်သည် ခရီးသည် စုစုပေါင်း ၄၁ ဦး တင်ဆောင်၍ နားပွဲရွာမှ တောင်တွင်းကြီးမြို့နယ်၊ သစ်ခုတ်ကွင်းရွာသို့ မောင်းနှင် လာစဉ် အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏ယာဘက်သို့ ဇန်နဝါရီ ၂၇ ရက်က တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါခရီးသည်များအနက် သုံးဦးသေ၊ ၃၈ ဦးဒဏ်ရာရခဲ့သည်။ **(ရဲပြန်ကြား)**

ကျေးရွာများတွင် မြေယာပြုပြင်သည့်အချိန် နောက်ကျမှုမဖြစ်စေရန် ထွန်စက် အကြီးစားများ ငှားရမ်းစိုက်ပျိုး

စစ်ကိုင်း၊ ဇန်နဝါရီ ၃၀

ဧရာဝတီမြစ်ရေဝင်ရောက်မှုမှာ နောက်ကျပြီးနောက်ပိုင်း မိုးရွာသွန်းမှုကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှာ မြေယာပြုပြင်ရန် အချိန်နောက်ကျမှုမဖြစ်ပေါ်စေရန်အတွက် ထွန်စက်အကြီးစားများကို တစ်ဧကကျပ်နှစ်သောင်းနှုန်းပေးပြီး အငှား ထွန်ယက် စိုက်ပျိုးခဲ့ကြကြောင်း ထွန်စက်အငှားဝန်ဆောင်မှုများမှ တာဝန်ရှိသူများက ပြောသည်။

စစ်ကိုင်းမြို့နယ်အတွင်း ရှိသော စီတီး၊ ပြူကံ၊ဇီးချောင်း၊ဆင်မြေ၊ မအူပင်ကျေးရွာများသည် ဧရာဝတီမြစ်ရေတိုးသည့်အခါတွင် ရေများဝင်ရောက်လေ့ရှိပြီး လယ်ယာမြေများသည်လည်း စပါးများရိတ်သိမ်းပြီးဖြစ်၍ ဆောင်းသီးနှံများဖြစ်သော မြေပဲ၊ပြောင်း၊ငရုတ်၊ပဲများကို စိုက်ပျိုးကြသည်။ အချို့သော လယ်ယာမြေများမှာ အမြင့်ပိုင်းတွင်ရှိပြီး မြစ်ရေဝင်ပြီး ပြန်ကျသွားပါက မကြာမီမှာ ထွန်ယက်စိုက်ပျိုးနိုင်သော်လည်း အနိမ့်ပိုင်းမြေများမှာ ရေများကျန်နေသဖြင့် ရေကုန်မှစိုက်ပျိုးရေးကို စတင်လုပ်ဆောင်ရသည်။

ယခုအခါ အနိမ့်ပိုင်း လယ်မြေများတွင် ကောက်ကြီးစပါးများကို ရိတ်သိမ်းပြီး ဆောင်းရာသီ သီးနှံများကို အချိန်မီ စိုက်ပျိုးပြီးရန်အတွက် တောင်သူများသည် မြေယာပြုပြင်ခြင်း လုပ်ငန်းများကို ခိုင်းနွားဖြင့်သီးသန့်ထွန် ယက်ခြင်းမျိုးမဟုတ်တော့ဘဲ လက်တွန်းထွန်စက်မှ ထွန်စက်အကြီးစားများကိုလည်း အချိန်ပိုင်းငှား၍ အသုံးပြုလာကြခြင်းဖြစ်သည်ဟု စီတီးကျေးရွာအုပ်စုက မြေယာပြုပြင်ရန် ထွန်စက်အငှားဝန်ဆောင်မှုပေးသည့် တောင်သူ ဦးကျော်မျိုးရှိန်က ဆိုသည်။

"ထွန်စက်တွေ အငှားလိုက်တဲ့အတွက် တောင်သူတွေက စက်ပစ္စည်းများကို အစားထိုးသုံးစွဲလာပြီး ကျွန်တော့အနေနဲ့လည်း အငှားဝန်ဆောင်မှု ပြုလုပ်ပေးရတာ အဆင်ပြေတယ်။ တောင်သူလည်း အချိန်မီစိုက်ပျိုးပြီးစီးသွားပါတယ်"ဟု ၎င်းက ပြောသည်။ **မျိုးဝင်း**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ(၇)၊ မြေကွက်အမှတ်(၁၅-က)၊ မြေကွက် တည်နေရာ(၁၅-က) ချောင်းသာလမ်း၊ လှိုင်သာယာ(ဦးသန်း)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးသန်းထံမှ အရပ်ကတိအရောင်းစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်လှလှဆွေ[၁၂/ဥကမ(နိုင်)၁၁၁၈၅၄]ကပါမစ်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ တို့တင်ပြပြီး ဂရန်သစ်လျှောက်ထားရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက် အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပေါက်
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

သန်လျင်မြို့လယ်၊ ဘဏ်အနီး၊ အမှုထမ်းရပ်ကွက်၊ ယုဇနလမ်း၊ ပေ(၅၀×၁၀၅)၊ နေရာကောင်း၊ ရေသန့်လုပ်ငန်းသင့်လျော်၊ ၁စတုရန်းပေ-၃၄၀၀၀ိ/-

ဖုန်း-၀၉-၅၁၁၂၃၂၄၊ ၀၉-၄၉၃၆၄၁၃၆

(မြေညီ+ပထပ်)တွဲရောင်းမည်

-စမ်းချောင်းမြို့နယ်၊ လမ်း(ကောင်း၊ သန့်)
-ပေ(၁၂ ½ ×၅၀)၊ ကြိုးလိုင်းဖုန်းပါ။
မြေညီ(Hall)၊ ကြွေပြားပြည့်ခင်းကပ်။
ပ-ထပ်(Hall)၊ လျှာထိုးပြည့်ကြွေပြား
(လူနေ/စီးပွားရေး)လုပ်ရန်နေရာကောင်း။
အထူးပြင်ဆင်ပြီး(RC) ၂-ထပ်တိုက်ခန်း။
ပွဲစားမလို။ သိန်း(၁၂၇၀)

ဖုန်း-၀၉-၅၀၇၁၁၄၄၊ ၀၉-၇၃၁၅၆၄၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၄၈ခ)၊ မြေကွက်တည်နေရာအမှတ်(၄၈ခ)၊ သမာဓိ(၂)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ခင်ဆွေ [ဂရံ/အာဂျီအန်-၀၅၁၀၁၅]၊ ဒေါ်သန်းသန်းမူ[ကီအာပိုင်-၀၀၁၇၂၄]၊ ဦးခင်မောင်သန်း[အေအေ-၀၁၉၅၈၅]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် သုံးဦးအနက်အမည်ပေါက်ဦးခင်မောင်သိန်း(ခင်ပွန်း)ကွယ်လွန်၍တစ်ဦးတည်းသောဇနီး ဒေါ်ကြည်[၁၂/ဥကမ(နိုင်)၀၇၆၈၇၇]က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၃၄၂/၉-၁၀-၁၃)ဖြင့်လည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းသန်းမူထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၈၈၈၀/၃-၁၀-၂၀၁၃)ဖြင့် လည်းကောင်းရရှိသူ ဦးအောင်ကျော်ဦး[၁၂/ဥကမ(နိုင်)၁၂၆၁၉၇]နှင့်ကျန်ပူးတွဲ အမည်ပေါက် ဒေါ်ခင်ခင်ဆွေတို့မှ ပိုင်ဆိုင်+စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက် အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန်း ဖုန်းဈေးကွက် ပြိုင်ဆိုင်လှုပ်ရှားလာ

တရုတ်ငွေဈေး အတက်အကျနှင့် ဈေးကွက်ပြိုင်ဆိုင်မှုများကြောင့် ဖုန်းဈေးနှုန်းကျဆင်း

မန္တလေး၊ ဇန်နဝါရီ ၃၀

မန္တလေးမြို့၊ မိုဘိုင်းဖုန်းဈေးကွက်တွင် ဈေးကွက်ပြိုင်ဆိုင်မှုများနှင့် တရုတ်ငွေဈေး အတက်အကျကြောင့် မိုဘိုင်းဖုန်းများ ဈေးနှုန်းကျဆင်းပြီး ဈေးကွက်ထိခိုက်မှုများ ရှိလာကြောင်း မန္တလေးမြို့ရှိဖုန်းနှင့် အပိုပစ္စည်း အရောင်းဆိုင်များက ပြောသည်။

၂၀၁၃ ခုနှစ်နှင့် ယှဉ်ပါက ယခုနှစ်တွင်မိုဘိုင်းဖုန်းဈေးကွက်မှာ ပိုမိုကျဆင်းလာခဲ့သည့်အပြင် မိုဘိုင်းဖုန်းအရောင်းဆိုင်များ ပိုမိုဖွင့်လာခဲ့သောကြောင့် ဈေးကွက် အသာရရေးအတွက် ဟန်းဆက်များ ဈေးလျှော့ရောင်းချမှု အပြိုင်အဆိုင် ပြုလုပ်လာကြကြောင်း ဖုန်းအရောင်းဆိုင်တစ်ဆိုင်မှ ကိုမင်းထွန်းက ပြောသည်။

"မြို့တွင်းမှာ ဖုန်းအရောင်းဆိုင်တွေ အများကြီးဖွင့်လာတယ်။ ဈေးကွက်အသာရဖို့ ဆိုင်ကြီးတွေကနေ ဈေးလျှော့ရောင်းချတာတွေ လုပ်လာကြတယ်။ ဈေးကွက်ပျက်တဲ့အပြင် တနိုင်တပိုင်ရောင်းချတဲ့ ဆိုင်တွေအတွက်လည်း အများကြီးထိခိုက်မှုတွေ ရှိနေတယ်" ဟုဎင်းကပြောသည်။

ပြည်တွင်းဟန်းဆက်အများစုမှာ တရုတ်နိုင်ငံမှတင်သွင်းသည့် ပစ္စည်းများဖြစ်သောကြောင့်တရုတ်ငွေကြေးအပြောင်း အလဲမှာလည်းပြည်တွင်း မိုဘိုင်းဖုန်းဈေးကွက်အားအနည်းနှင့်အများ ထိခိုက်မှုရှိပြီး ယခုအချိန်မှာတရုတ်ငွေဈေး တက်နေသည့်အချိန်ဖြစ်သောကြောင့် မိုဘိုင်းဖုန်းဈေးကွက် အေးနေကြောင်းကိုမင်းထွန်းက ပြောသည်။

ဖုန်းနှင့်ဖုန်းအပိုပစ္စည်းများ ရောင်းချသူကိုသက်နိုင်ကလည်း "ဆိုင်ကြီးမှာရောင်းချတဲ့ဈေးနှုန်းနဲ့ တခြားဆိုင်သေးတွေမှာ ရောင်းချတဲ့ဈေးနှုန်းတွေက အနည်းဆုံးကျပ် ၂၀၀၀ လောက်ကိုကွာတယ်။ လွန်ခဲ့တဲ့ရက် ၂၀ လောက်က တင်သွင်းလာတဲ့ပစ္စည်းအသစ်က အခုဆို မူရင်းဈေးထက် ကျပ် ၅၀၀၀-၁၀၀၀၀လောက်ကို ကျသွားတယ်။ နောက်တစ်ချက်က ဝန်ဆောင်မှုတွေလဲ အပြိုင်အဆိုင်ပေးလာကြတယ်" ဟု ဎင်းကပြောသည်။

လက်ရှိ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းများလည်း မြင့်တက်နေပြီး တရုတ်ငွေလဲနှုန်းမှာ တစ်ယွမ်ကို မြန်မာငွေ ၆၁၅ ကျပ် ပေါက်ဈေးရှိကြောင်း ပြောသည်။

၂၀၁၃ခုနှစ် ဇွန်လတွင်တရုတ်ငွေဈေးများ မြင့်တက်လာပြီးတရုတ်ဟန်းဆက်များ ဈေးမြင့်ခဲ့သော်လည်း ပြည်တွင်းမှ လက်ကားရောင်းချသည့် ဖုန်းအရောင်းဆိုင်တစ်ချို့ကြောင့် ဖုန်းဈေးကွက် ထိခိုက်မှုမရှိခဲ့ကြောင်း၊ ယခုနှစ်တွင်မူ ဈေးကွက်အေးခြင်းကြောင့် အထိနာခြင်းဖြစ်ကြောင်း မိုဘိုင်းဖုန်းရောင်းချသူ ကိုစိုးက ပြောသည်။

လက်တလောတွင် ဈေးနှုန်းပိုင်းအနေဖြင့်လည်း ဟွာဝေးတံဆိပ်မှာ ကျပ် ၁၂၇၀၀၀ ဝန်းကျင်၊ ဆမ်ဆောင်း note3 မှာ ကုမ္ပဏီထုတ်ကျပ် ၆၉၀၀၀၀ ခန့်ရှိပြီး၊ စင်ကာပူမှ တင်သွင်းသည်ဆိုပါက ကျပ် ၅၈၀၀၀၀ နှင့် iphone5s မှာ ၃၂ ဂစ်ဆန့်ကို ကျပ် ၈၀၀၀၀၀ ဝန်းကျင်ရှိသည်။ **အောင်ရဲသွင်**

ပဲခူးမြို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့မှ နေ့စဉ် ယာဉ်စည်းကမ်းမလိုက်နာသောယာဉ်များအား ဖမ်းစီးစစ်ဆေး အရေးယူလျက်ရှိသော်လည်း ပဲခူးမြို့ဟိုင်းလတ်ခရီး သည်တင်ယာဉ်များ၊ မှန်လုံ ခရီးသည်တင် ပဲခူးယာဉ်များမှာ သတ်မှတ်ထားသောနေရာတွင် မရပ်ခြင်း၊ ရောက်ရာနေရာတွင် ရပ်တင်ချပြုလုပ်ခြင်း၊ ယာဉ်ကြော နှစ်ထပ် ရပ်ခြင်း၊ တားမြစ်နယ်မြေအတွင်း၌လည်း ရပ်တင်ချပြုလုပ်နေဆဲ ရှိနေခြင်းကြောင့် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းဖြင့် ယာဉ်စည်းကမ်းလိုက်နာမှုရှိစေရန် ရေးသားလိုက်ရပါသည်။

ရွှေဘုန်းအောင် (ပဲခူး)

သတင်းတို

ဖလမ်း၌ လက်သမား၊ ပန်းရံ သင်တန်းဖွင့်

ချင်းပြည်နယ်၊ ဖလမ်းဒေသတွင် ကျေးလက်လူနေမှုဘဝ မြှင့်တင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၇ ရက်တွင် ဖလမ်းမြို့ လုံပီးစိုက်ပျိုးရေးခြံ သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ ရက်သတ္တနှစ်ပတ် ကြာမြင့်သော သင်တန်းသို့ အနီးပတ်ဝန်းကျင် ကျေးရွာ ၁၀ ရွာမှ လက်သမားသင်တန်းသား ၂၅ ဦးနှင့် ပန်းရံသင်တန်းသား ၂၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ခရိုင်ပြန်/ဆက်

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပရာ အဆိုပါ သုံးရက်တာ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦးတို့ တက်ရောက်ခဲ့သည်။

ယဉ်ယဉ်န

အိမ်ခြံမြေဝန်ဆောင်မှုအသင်း ဗဟိုအလုပ်အမှုဆောင်သစ်များ ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်းဗဟိုအလုပ် အမှုဆောင်သစ်များကိုအများ ဆန္ဒသဘောထားအရ ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပခဲ့သည်။

အလုပ်အမှုဆောင်သစ် ၂၁ ဦးအား အများ၏ ဆန္ဒသဘောထားအရ စနစ်တကျရွေးချယ်ပြီး ယင်း ၂၁ ဦးထဲမှ ဗဟိုအမှုဆောင်သစ် ၁၀ ဦးကိုရွေးချယ်

အသင်းသားများ၏ သဘောဆန္ဒအရ အတည်ပြု ရွေးချယ် . . .

ခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်သန်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးသန်းဦး၊ (၂) ဦးသိန်းလှညို၊ အထွေထွေအတွင်းရေးမှူး ဒေါ်မို့မို့အောင်၊ တွဲဖက်အတွင်းရေးမှူး (၁) ဒေါ်မိုးမိုးထွန်းနှင့် (၂) ဦးမြင့်စိန်၊ ဘဏ္ဍာရေးမှူး ဒေါ်မော်မော်ထွန်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးခင်မောင်တင့်၊ စာရင်းစစ် ဦးစိုင်းခွန်နောင်နှင့် အဖွဲ့ဝင် ဦးမြတ်သူဝင်းစသည်ဖြင့် အသီးသီး ရွေးချယ်ခဲ့သည်။

ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးမြင့်နှင့် အဖွဲ့သည် အသင်း၏ သင်းဖွဲ့စည်းမျဉ်းများပြင်ဆင်ချက်ကို အသင်းသားများ၏ သဘောဆန္ဒအရ အတည်ပြုပြီးနောက် အသင်း၏အမှုဆောင်ဟောင်းများနေရာ နှုတ်ထွက်ကြကြောင်းလည်း ကြေညာခဲ့သည်။ **ကျော်ဗိုလ်ဝင်း**

အိမ် ခြံ မြေ စာပေး စာယူ
KYI SOE IC
CERTIFICATE
လဆန်း(၁) မှ (၁၀)ထိ၊ ၂၀၃-၃၉-လမ်း
09-313-60-660,09-510-40-41

တိုက်ခန်းရောင်းမည်
ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်
(၄၇)လမ်းထိပ်၊ ပထမထပ်
၁၅ပေ×၅၅ပေ၊ အမြင့် ၁၄ ပေ၊
ပုဇွန်တောင်မြို့နယ်။
ဖုန်း-၄၃၀၅၆၄၂၉၊ ၀၉-၄၂၀၇၆၇၃၉၇

ပြည့်ပြည့်ကြွယ်မှရောင်း/ငှား Ph: 250640736, 0973068573
၁။ပုဇွန်တောင်လမ်းသန့်၊၁၇'×၆၀'၆လွှာ၊ပြင်ပြီး(၇၀၀)သိန်း
၂။လှိုင်၊အင်စိန်လမ်းမ၊၂၂'×၅၅'၊ ၇လွှာ၊ပြင်ပြီး (၇၅၀)သိန်း
၃။ရေကျော်၊ ၂၅'×၅၅' ၃လွှာ၊ပြင်ပြီး (၄)သိန်း

ELITE
ELITE
ENGINEERING GROUP
ဝါရင့်ကျွမ်းကျင်လက်ရွေးစင်အင်ဂျင်နီယာအဖွဲ့သင်သည့်
၁။ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ စာတွေ့လက်တွေ့ အတတ်သင်တန်း
၂။ လက်တွေ့အသုံးချလျှပ်စစ်သင်တန်း။(ဝါယာရင်း၊မော်တာ၊ထရန်စဖော်မာ)
၃။ အဆင့်မြင့် Electrical Control သင်တန်း။
၄။ Programmable Logic Controls (P.L.C) သင်တန်း။
၅။ Welding -3G, 4G, 5G, 6G သင်တန်း။
၆။ Motor Winding Repair သင်တန်း။
၇။ Mobile Phone Service (Software & Hardward)
၈။ Pipe Fitter သင်တန်း။
Mobile Phone သင်တန်းအတွက် Dis 50%
(3.2.2014) တန်းခွဲသစ်ဖွင့်မည်။ ကြိုတင်စာရင်းသွင်းပါ။
နယ်ဘော်ဒါရှိသည်။
အမှတ်-၁၂၆(မြေညီ)၊ ၃၉-လမ်း(အောက်)၊ မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-246150, 09-51-80790, 09-31286559

၁၀၀% အောင်ချက်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော
Better Tomorrow
EPS-TOPIK
(ကိုရီးယားလုပ်ငန်းခွင်)သင်တန်းကျောင်း
- ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော EPS သင်တန်းကျောင်း။
- ပညာအရည်အချင်းမလိုဘဲ လစာ(၁၀)သိန်းအထက် ရရှိနိုင်သော အခွင့်အရေးကို လက်လွှတ်မခံဘဲ ကိုရီးယားဆရာကိုယ်တိုင် သင်ကြားသော EPS-TOPIK နှင့် ဆက်သွယ်ပြီး သွားကြပါစို့။
- EPS နှင့် Speaking တန်းခွဲသစ်များ ၅-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။
Co-Operative With Korea Social Education
Center of Myanmar.
အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph:01-512804, 09-43029256

ချစ်ဇနီး မြတ်သန္တာလွင်(မီးမီး)အတွက်
မွေးနေ့ဆုတောင်း
၃၁-၁-၂၀၁၄ ရက်တွင် ကျရောက်သော (၄၀)နှစ်ပြည့်
မွေးနေ့မှသည် တစ်သက်လုံး မိသားစုနှင့်အတူ
စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၊ ချစ်ခြင်းများစွာဖြင့်
မိသားစုနှင့်အတူတကွ နေထိုင်သွားနိုင်ပါစေဟု
ဆုမွန်ကောင်းတောင်းလိုက်ပါသည်။
ချစ်ခင်ပွန်း - ဦးအောင်လွင်(ငွေကြယ်မင်းကုမ္ပဏီ)
ချစ်သားကြီး - မောင်ဝေလင်းဦး
ချစ်သားငယ် - မောင်ကောင်းဇော်ဟိန်း

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ဒုတ်ကျင်းဘုတာရုံလမ်းအမှတ်(၆၃)တွင်တည်ဆောက်ဆဲ(၈)ထပ်ခွဲတိုက်၊အဆောက်အဦး၏ ဒုတိယထပ်(၃)လွှာ၊အကျယ်အဝန်း(၂၅×၇၅)ပေ ခြေရင်းခန်း (ဝဲဘက်) ခြမ်း တိုက်ခန်းကို လက်ရှိတည်ဆောက်နေသော ကန်ထရိုက်တာ ဦးရန်နိုင်(၁၂/စခန(နိုင်)၀၀၆၃၈၆)(Y.N Construction Co.,Ltd)ထံမှ ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းအရောင်းအဝယ်စရန်ပေးစာချုပ်အရ ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေငြာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေငြာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဖြူ(LL.B,DBL-DML-DIL.DAPsy) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၃၂)
ဒေါ်သီတာစိုး (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၉၄၈)
ဖုန်း - ၀၉ ၄၂၀၁၈၆၇၈၈
အခန်းအမှတ်(၀၀၁)၊တိုက်(၉/၁၁)မြေညီထပ်၊(၃၆)လမ်း၊တိုက်ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

သတင်းဆောင်းပါး

ရှမ်းပြည်နယ် လင်းခေးရှိဒေသခံပြည်သူ ၂၉၈ ဦးအား ဆေးစိမ်ခြင်ထောင် ၂၇၅ လုံးဖြန့်ဝေပေး

ဆောင်းနှင်းလတ်(ရှမ်းအညာမြေ)

လင်းခေးမြို့နယ်၊ ဝမ်ဟတ်တိုက်နယ်အတွင်းရှိ နားကုန်း၊ ဝမ်ဟတ်၊ မအွန်လောင်း၊ဝမ်တိန်း ကျေးရွာအုပ်စုလေးအုပ်စုမှ ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးအထောက်အကူပြု ဆေးစိမ်ခြင်ထောင် ပေးအပ်ခြင်း၊ ကျန်းမာရေး အသိပညာဟောပြောခြင်းနှင့် ကွင်းဆင်းကုသပေးခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀နာရီက ဝမ်ဟတ်ကျေးရွာ၊ မကျိုင်းမွန်းပရဟိတ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ကျေးရွာအုပ်စုတစ်ခုတွင် ရွာငယ်ပေါင်း ကိုးရွာစီရှိပြီး၊ လေးအုပ်စုမှာ ရွာပေါင်း ၃၆ ရွာဖြင့်ဖွဲ့စည်းလျက်ရှိကာ ဤရွာစဉ်များမှာ တစ်ဆက်တစ်စပ်တည်း တည်ထားကြသော်လည်း လင်းခေးမှဝမ်ဟတ် ၁၃ မိုင်၊ ဝမ်ဟတ်မှ ၎င်းရွာများသို့ နောက်ထပ်အနည်းဆုံး လေးငါးမိုင်ခရီးဆက်မှသာလျှင် ရောက်ရှိနိုင်သည့် ကျေးရွာများဖြစ်ကြောင်း တွေ့ရသည်။

အဆိုပါ ကျောင်းပေါ်၌ဆေးကုသခြင်း မစတင်မီ ဦးစွာ ဆေးစိမ် ခြင်ထောင်များပေးအပ်ခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ကျင်းပရာ လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဆေးစိမ်ခြင်ထောင်များကို ပေးအပ်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြပါသည်။

ဆေးရည်စိမ်ခြင်ထောင်များ ဝေငှရာသို့ ပြည်သူများ ဝမ်းသာအားရ လာရောက်ယူငင်နေကြစဉ်။

လင်းခေးမြို့နယ်၊ ကျေးရွာအုပ်စုလေးစုမှ ၃၆ ရွာရှိ ဒေသခံပြည်သူစုစုပေါင်း ၂၉၈ ဦးတို့ကို ကျန်းမာရေးကုသစောင့်ရှောက်မှု များပြုလုပ်နိုင်ကာ ဆေးစိမ်ခြင်ထောင် ၂၇၅ လုံးကို ဖြန့်ဝေပေးနိုင်ခဲ့သည်။

ခေတ်မီတိုးတက် ပြောင်းလဲလာနေပြီဖြစ်သော နိုင်ငံတော်အစိုးရ၏လမ်းစဉ်မူဝါဒများနှင့်အညီ နိုင်ငံတော်အစိုးရက ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အမျိုးမျိုးကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာတွင် မြို့၊ ရွာ၊ ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု လုပ်ငန်းစဉ်တစ်ရပ်သည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်လျက်ရှိနေသည်။

ပဲခူးရိုးမ ကျောက်မဆင်ချောင်းအတွင်းမှ ဆင်နှင့်တူသောကျောက်တုံးကြီးများကို လာရောက်ကြည့်ရှု

ရေတာရှည်၊ ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့မှ အနောက်မိုင် ၄၀၊ ပဲခူးရိုးမကျောက်မဆင်သစ်တောကြိုးဝိုင်း၊ ကျောက်မဆင်ချောင်းအထက်ပိုင်းတွင် ကျောက်တုံးကြီးနှစ်ခုမှာ ဆင်အိပ်နေသည့်ပုံ သဏ္ဌာန်နှင့်တူနေ ၍ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ခရီးကြုံလာရောက်ကြည့်ရှုသူများပြားလာကြောင်း သိရသည်။

အဆိုပါနေရာမှာ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကာ လမ်းမှ တောင်ဘက် နှစ်မိုင်ခန့် တောကြီးအတွင်း၌ရှိပြီး မိနစ် ၄၀ ခန့် ခြေလျင်လျှောက်သွားရသည်။ ကျောက်မဆင်ဝိုင်းတွင် ဆင်ကောင်ရေ ၈၀ ဝန်းကျင်ခန့်ရှိ၍ တောတွင်းလမ်းများ၌ အများအပြားတွေ့ရသည်။ "ဆင်နှင့်တူတဲ့ ကျောက်တုံးကြီးတွေက နှစ်သက်တမ်းမနဲတော့ဘူး၊ ကိုလိုနီ ခေတ်ကတည်းက ချောင်းထဲမှာ သစ်ကြီးတွေမျောတော့ အစွယ်နဲ့ နှာမောင်းတွေကျိုးကုန်တယ်လို့ အဘတို့ ပြောခဲ့ဖူးတယ်" ဟု ဒေသခံလမ်းပြဦးစံရီက ပြောပြသည်။ ဆင်ဝိုင်းအတွင်းရှိ ဆင်များတောကျွံ ပျောက်နေလျှင်သော်လည်းကောင်း၊ သားကောင်များ ဖမ်းလိုလျှင်သော်လည်းကောင်း အဆိုပါ ကျောက်တုံးကြီးများတွင် အမွှေးတိုင်များထွန်း၍ ရိုးရာဓလေ့ပြုလုပ်လေ့ရှိသည်ဟု ဦးစံရီကပင် ပြောပြသည်။ ယခုနောက်ပိုင်း သာဂရ-ကိုးပင်လမ်းကိုဖြတ်၍ အရှေ့နှင့်အနောက် ခရီးသွားကြသူများပြားလာပြီး သတင်းကြားလို့ လာရောက်လေ့လာသူများပြားနေသည်။ **ကိုလွင်(ဆွာ)**

သတင်းတို

အက်ဖ်အမ်အိုင်မှ အစုရှယ်ယာသစ်များထပ်မံရောင်းချ

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသော First Myanmar Investement Co., Ltd (FMI)အက်ဖ်အမ်အိုင် ကုမ္ပဏီသည် ၎င်း၏ အစုရှယ်ယာရှင်များအား ရှယ်ယာတစ်စုလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ရှယ်ယာအသစ် ၂၅၀၀၀၀၀ ကို ယခုလအတွင်းရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။ "မှန်းခြေ ရှယ်ယာရှင် အသစ် ၁၁၅၀ ဦးကို ရောင်းချပေးနိုင်ခဲ့ပါတယ်။ ရှယ်ယာထုတ်ရောင်းတာကနေရတဲ့ ငွေကြေးအရင်းအနှီးတွေကို မြန်မာနိုင်ငံရဲ့ ယာယီအကျိုးပူးပေါင်းထားတဲ့ အဖွဲ့အစည်းမှာငါးရာခိုင်နှုန်းကနေ ကိုးရာခိုင်နှုန်းအတွင်း ပါဝင်ရင်းနှီးမြှုပ်နှံသွားမှာပါ" ဟု အက်ဖ်အမ်အိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အက်ဖ်အမ်အိုင်၏ ပုံမှန်ရှယ်ယာစုစုပေါင်း ၂၇၅၀၀၀၀ ရောင်းချမှုမှ ငွေကျပ်စုစုပေါင်း ၂၇၅၀၀၀၀၀၀၀ ရရှိခဲ့ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး အက်ဖ်အမ်အိုင်သည် ခရီးသွားလုပ်ငန်းနှင့် မော်တော်ယာဉ်လုပ်ငန်းကဏ္ဍတို့ရှိလတ်တလော ဆောင်ရွက်နေသည့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်မှုများနှင့် လေကြောင်းလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများတွင် ရှယ်ယာရောင်းချမှုမှရရှိလာသော အရင်းအနှီးများကို အသုံးပြုမည်ဟုသိရသည်။ **aဇော်**

SIS Education Services Teaching for the society
အမှတ် (၃၀)၊ 3B/တတိယထပ်၊ မဟာဗောဓိလမ်း၊ (ဒေါ်ဝင်းမြွေးထမင်းဆိုင်အပေါ်ထပ်)၊ Dagon Centre I ရှေ့။
Tel: 0931817055, 09421008412

Diploma in TESOL သင်တန်း
- နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်စာသင်ကြားရေး Diploma သင်တန်းဖြစ်ပါသည်။ London Teacher Training College နှင့် ပူးပေါင်းဖွင့်လှစ်ပါမည်။ သင်တန်းပြီးမြောက်အောင်မြင်ပါက LTTC (UK) မှ ပေးအပ်သော Diploma in TESOL လက်မှတ်ရရှိပါမည်။
- International School များတွင် Teacher Training များပေးခဲ့သော ဝါရင့် Teacher Trainer ဆရာ**ဦးထင်အောင်ကျော်** B.A.(Eng;), Dip - ELTM, M.A(EFL) မှသင်ကြားပေးပါမည်။
- ပြည့်စုံသော သင်ကြားရေးစာအုပ်စာတမ်းများပံ့ပိုးပေးပါသည်။

SPT အရောင်း
ခြံကျယ် ပေ(၁၂၀×၁၈၀)၊ ဗိုလ်မှူးဗထူးလမ်းမပေါ်၊ I PT ရေ+မီး (၅)ရပ်ကွက်၊ မရမ်းကုန်း၊ ၈ မိုင်၊ ဘိုးဘွားမြေ၊ အရပ်စာချုပ်၊ ညီနှိုင်းဈေး
ဖုန်း-၀၉ ၅၁၅၅၀၀၁၊ ၀၉ ၃၁၃၅၇၃၂၇

SPT အရောင်း
ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး မေးတင် Asia World တိုးဂိတ်အနီး၊ တူးချောင်းကျေးရွာ ကူးခွင်ကျ နောက်ဆုံးအဆင့် မြေသီးသန့် ၁၈ဧက၊ ရွှေပြည်တန် ဆန်စက်နှင့်ကပ်လျက် (အောင်ဖြိုးကျော်ဆီဆိုင်ရှေ့) (ဆန်စပါးကြိတ်ခွဲ သိုလှောင် ဖြန့်ချိရေးလုပ်ငန်း ခွင့်ပြုမိန့်ကျ)
မှတ်ချက်။ (၁ ဧကလည်း ရောင်းပါသည်။) (မေတ္တာလိုင်း- ၄ ဂိတ်ဆုံး)
ဖုန်း-၀၉ ၅၁၅၅၀၀၁၊ ၀၉ ၇၃၀၅၆၇၉၃၊ ၀၉ ၄၃၁၇၇၁၉၆

SPT အရောင်း
ခြံကျယ် ပေ(၆၀×၆၀) အုတ်စည်းရိုးခတ် 1BN ပေ(၄၀×၄၀) Hall ရေ+မီး ပန်းဥယျာဉ်လမ်း၊ ပခုက္ကူကျောင်းတိုက်ရှေ့ ဘိုးဘွားမြေ၊ အရပ်စာချုပ်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ၈ မိုင်၊ (ညီနှိုင်းဈေးနှုန်း)
ဖုန်း- ၀၉-၅၁၅၅၀၀၁၊ ၀၉-၃၁၃၅၇၃၂၇

စာပေမြင့်မှ လူမျိုးတင့်မည်

သိပ္ပံကျော် ဦးကျော်မြင့်
IGCSE, ခမ ဖြေမည့်သူများအတွက် MATHS (B), PURE MATHS REVISION နှင့် QUESTIONS STUDY (Eng, Phy, Chem, Guide ဆရာများလျှောက်ထားနိုင်သည်)
၁။ ၁၈၆ မြေညီ၊ ၃၈ လမ်း အလယ်
၂။ ၁၀၈၊ ၄ (လွှာ) ၃၈လမ်းအောက်
ဖုန်း-၀၉-၅၀၀ ၇၈၉၆၊ ၀၁-၃၈၆၆၁၉

ကျေးဇူး ဆပ်ပါမည် ဦးနေဝင်းအောင်၏ သင်္ဘောသားလုပ်သက် မှတ်တမ်းစာအုပ် မန်း-၂၀၀၃/၁၃၉ နှင့် စက်ခန်းအုပ်လက်မှတ် စမပ-၁၂၀/၂၀၁၁ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉၄၃၁၃၄၀၉၆

အများသိစေရန် ကြေညာခြင်း
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အိမ်အမှတ် (၅)၊ ၇-ထပ်တိုက်၊ မြေညီထပ်+ပထမထပ် (၂၅´ × ၆၀´)ပေရှိ တိုက်ခန်း (၂) ခန်းအားတရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆွေဆွေအုန်း (အမ်ဂျီဂျီ-၀၂၂၉၇၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက (၂၀-၁-၂၀၁၁) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း နှင့် အဆိုပါတိုက်ခန်းများနှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ၊ သဘောမတူဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ –
ဦးမျိုးညွှန့်ဝင်း (စဉ်-၇၁၁၉) H.G.P, LL.B, D.B.L, D.M.L, Post Graduate Dip. in Global English
ဒေါ်မြမှုယာအောင် (စဉ်-၈၈၀၃) LL.M
ဒေါ်ခင်အေးသန်း (စဉ်-၉၁၁၉) LL.B, D.B.L, D.I.L, WIPO (SwitzerLand)
(တရားလွှတ်တော်ရှေ့နေများ)
ဦးအေးလွင် (စဉ်-၃၀၆၇၁) LL.B
ဒေါ်ထွေးထွေးခိုင် (စဉ်-၃၈၆၅၃) LL.B
(အထက်တန်းရှေ့နေများ)
အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ HP ၀၉ ၅၀ ၂၆၈၄၆

ပျောက်ဆုံးကြောင်း
ကျွန်မ ဒေါ်ဓမ္မယသသည် မုဒိတာအိမ်ရာ ၂တိုက်၊ ၇လွှာ၊ ၂၇/A အခန်းစာချုပ်မူရင်းနှင့် မိတ္တူ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ပြန်ပေးပါရန် အကြောင်းကြားအပ်ပါသည်။ ဖုန်း-၀၉-၄၃၁၀၈၆၂၄

ပြောင်းလဲခေါ်ဆိုပါရန်
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၁၁)၊ Grade V (A) တွင် ပညာသင်ကြားနေသော ဦးအောင်သူကို-ဒေါ်သီတာအေးတို့၏သမီး မမိုးသီဂီအား **မသူဇာမိုး**ဟု ပြောင်းလဲခေါ် ဆိုပါရန်။

ဒဂုံမြို့သစ် အရှေ့ပိုင်း တောင်ပိုင်း ဆိပ်ကမ်း
မြေကွက်များ အထူး
ဈေးကောင်းပေးဝယ်သည်
09-250637311
09-250637322

မီးသတိပြု

မန္တလေးမြို့တွင် စာမေးပွဲကာလအတွင်း ၂၄နာရီမီးပေးသွားမည်ဟု ဝန်ကြီးပြော

မန္တလေး၊ ဇန်နဝါရီ ၃၀

အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းစာမေးပွဲများ ကျင်းပမည့် ကာလအတွင်း မန္တလေးတိုင်းဒေသကြီးတွင် လျှပ်စစ်မီးကို ၂၄ နာရီ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုရေးရာဝန်ကြီး ဦးကျော်မြင့်က ပြောကြားသည်။

"အရင်နှစ်တွေတုန်းက လိုမျိုး သစ်ပင်ပိတာတို့ ဓာတ်တိုင်လဲတာတို့နဲ့ မီးမပေးနိုင်ဘူးဆိုတာ မဖြစ်ရအောင် အခုကတည်းက မန္တလေးတိုင်းထဲမှာရှိတဲ့ အရာတွေအားလုံးကို ကြိုတင်ပြင်ဆင်ပြီး ဒီနှစ်က မန္တလေးတိုင်းတင်မကဘူး တစ်ပြည်လုံးအတွက်တောင် ရနိုင်တယ်" ဟု ဝန်ကြီးကပြောသည်။

ယခင်နှစ်တွင် ရေအားမရရှိခဲ့သောကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး ယခုနှစ်တွင် ရဲရွာဆည်၊ ဆည်တော်ကြီးနှင့် ကင်းတားဆည်များတွင် ရေအပြည့် ရှိနေခြင်းများကြောင့် ယခင်နှစ်များလောက် အခက်အခဲ မဖြစ်နိုင်ဟု ၎င်းက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး စိန်ပန်းရွာလယ်ရပ်ကွက် မဟာအောင်မြေမြို့နယ်မှ တက္ကသိုလ်ဝန်ထမ်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားမိဘတစ်ဦးက "အခုဆို လျှပ်စစ်မီးကပျက်လည်းခဏတဖြုတ်လောက်ပဲပျက်တာ။ သားလေးက တစ်နေကုန်ကျူရှင်တက်နေရပြီး ညပိုင်းကျမှ စာကျက်တာ။ မီးမပျက်တော့ပိုကောင်းတာပေါ့" ဟု ဆိုသည်။

မန္တလေးတိုင်းဒေသကြီးတွင် ရှိသော စက်မှုဇုန်အမှတ် ၁၊ အမှတ် ၂ တို့ကို ၂၄နာရီ မီးရရှိရေးစီမံချက်ဖြင့် ထရန်စဖော်မာ အလုံး ၆၀ ခန့် တပ်ဆင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခင်နှစ်များက အဆိုပါ စက်မှုဇုန်များတွင် ၁၂ နာရီသာ မီးရရှိရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ဝန်ကြီးဦးကျော်မြင့်က ပြောသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့်လည်း ကျေးလက်မီးလင်းရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာပေါင်း ၆၄၉၁၇ ရွာတွင် ကျေးရွာပေါင်း ၂၁၆၇၅ ရွာ ကို လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ဆဲ ကျေးရွာများမှာ ၇၆၆ ရွာရှိပြီး ဆောင်ရွက်ရန်ကျေးရွာပေါင်း ၄၂၄၇၆ ရွာ ရှိကြောင်း အဆိုပါ ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများအရ သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အား ရရှိစေရန် ဆောင်ရွက်ခဲ့သည့်စနစ်များမှာ ဓာတ်အားစနစ်ဖြင့် ၄၇၈၅ရွာ၊ မီးစက်စနစ်ဖြင့် ၁၂၇၈၃ရွာ၊ အသေးစားရေအားစနစ်ဖြင့် ၂၁၅၄ ရွာ ဆိုလာစနစ်ဖြင့် ၇၄၀ရွာ၊ ဇီဝဓာတ်ငွေ့ဒြပ်ထုဖြင့် ၁၂၁၃ရွာ စုစုပေါင်း ၂၁၆၇၅ ရွာ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ဆဲ ကျေးရွာများမှာ ဓာတ်အားစနစ်ဖြင့် ၂၄၉ ရွာ မီးစက်စနစ်ဖြင့် တစ်ရွာ၊ အသေးစားရေအားစနစ်ဖြင့် ၁၅၆ရွာ၊ ဆိုလာစနစ်ဖြင့် ၃၅၈ရွာ၊ ဇီဝဓာတ်ငွေ့ဒြပ်ထု (Bio Gas, Bio Mass) ဖြင့် နှစ်ရွာစုစုပေါင်း ၇၆၆ ရွာ ဆောင်ရွက်လျက်ရှိနေကြောင်းအဆိုပါ စာရင်းများအရသိရသည်။

တင်မောင်ဦး

> ယခုနှစ်တွင် ရဲရွာဆည်၊ ဆည်တော်ကြီးနှင့် ကင်းတားဆည်များတွင် ရေအပြည့်ရှိနေခြင်းများ. . .

တောင်ငူမြို့နယ် ရပ်ကွက်များအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် တရားမဝင် လောင်စာဆီသိုလှောင်ရောင်းချခြင်း ရှိ-မရှိကို ဇန်နဝါရီ ၂၇ ရက်က တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးထင်အောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးအရာရှိ ဦးစံသိန်းတို့အဖွဲ့က တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးနေကြစဉ်။ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ တောင်ငူမြို့နယ်စည်ပင်သာယာမြို့မဈေးကြီးအတွင်း မီးဘေးကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လျှပ်စစ်မီးသုံးစွဲမှုစနစ်များ၊ ဈေးဆိုင်များအတွင်း ပစ္စည်းများ ထားရှိသိုလှောင်မှုအခြေအနေများနှင့် ရေရရှိရေးဆောင်ရွက်မှုအခြေအနေများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဦးကျော်လှ

သတင်းတို

ခရိုင်ဆေးရုံကြီးတွင် ခွဲစိတ်ဆောင်ဆောက်လုပ်

မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ရမည်းသင်းမြို့ ခရိုင်ဆေးရုံကြီး ပရိဝုဏ်တွင် ခွဲစိတ်ကုသဆောင် ဆောက်လုပ်လျက်ရှိသည်။ အဆိုပါ ခွဲစိတ်ကုသဆောင်ကို ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခြင်း ဖြစ်ပြီး MGM ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီမှ တင်ဒါအောင်မြင်၍တာဝန်ယူ ဆောက်လုပ်ခြင်းဖြစ်သည်။ ယင်းခွဲစိတ်ကုသ ဆောင်ကြီးကို ၄၆ ပေ × ၄၆ ပေ၊ အမြင့် ၁၄ ပေ၊ တစ် ထပ် RC အဆင့်ဆောက်လုပ်သွားမည်ဟု သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

